# ကချင်ရိုးရာအထည်ဒီဇိုင်းများ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မည်မျှခေတ်မီဖွံ့ဖြိုးတိုးတက်စေကာမူ မိမိတို့၏ မူလရိုးရာဓလေ့များကို မပျက်စီး မပျောက်ကွယ်သွားအောင် ထိန်းသိမ်းကြခြင်းတို့ကြောင့် ယနေ့တိုင် ချစ်စရာကောင်းသော ရိုးရာဓလေ့များကို မြင်တွေ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်း တစ်ရာကျော်ခန့် သွေးစည်းနေထိုင်ကြပြီး ယဉ်ကျေးမှုအဆင့်အတန်းများစွာ မြင့်မားခဲ့ကြသည်။ တိုင်းရင်းသားမျိုးနွယ်စုများတွင် ဝတ်စားဆင်ယင်မှု၊ အထည်ရက်လုပ်မှု၊ စာပေ၊ အနုပညာ၊ အဆင်တန်ဆာ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့၊ တူရိယာ၊ နေထိုင်မှုအဆောက်အအုံ စသည်ဖြင့်များစွာရှိပါသည်။ ၎င်းကဏ္ဍများ အားလုံးသည် တိုင်းရင်းသားမျိုးနွယ်စုတို့အတွက် အရေးကြီးသော အစိတ်အပိုင်းများဖြစ်သည်။

လူသားတို့ဖြစ်တည်လာသည့် ကမ္ဘာဦးအစကပင် ဝတ်စားဆင်ယင်မှုအတွက် နည်းလမ်းများစွာဖြင့် ကြိုးစားတီထွင်၍ ဝတ်ဆင်ခဲ့ကြသည်။ ကနဦးဝတ်စားဆင်ယင်မှုအစတွင် သစ်ရွက်၊ သစ်ခက်များ ဖြင့်စတင်ခဲ့သော်လည်း

နောက်ပိုင်းတွင် ဂုန်လျှော်ကဲ့သို့သော အပင်များဖြင့် အဝတ်အစားများရက်လုပ် ဝတ်ဆင်လာခဲ့သည်။ ဆက်လက်၍ စူးစမ်းရှာဖွေလေ့လာမှုကြောင့် ဝါပင်အားတွေ့ရှိ၍ အဆင်တန်ဆာမပါရှိသော ချည်ထည်များကို ရက်လုပ်ဝတ်ဆင်တတ်လာသည်။ ချည်ထည်ပြောင်များ ဝတ်ဆင်လာကြပြီးနောက် မိမိတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်များမှ ပုံရိပ်များကို မိမိတို့ဝတ်ဆင်သည့် အထည်များတွင် ဒီဇိုင်းဖော်ကာ ထည့်သွင်းရက်လုပ်လာခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်း၌ ဝတ်စားဆင်ယင်မှုအတွက် အထည်များကိုရက်လုပ်ရာတွင် လက်ရက်ကန်းထက် စက်ယန္တရားများကို အသုံးပြု၍ အထည်များကို ရက်လုပ်သည်သာများပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများတွင်လည်း ဝတ်စားဆင်ယင်မှုအနေဖြင့် အထည်များကို ဝတ်ဆင်ရာတွင် ဂျပ်ခုတ် ရက်ကန်းစင်ငယ်ဖြင့်သော်လည်းကောင်း၊ ရက်ကန်းစင်ကြီးဖြင့်သော်လည်းကောင်း ရက်လုပ် ဝတ်ဆင်ကြသည်။ တိုင်းရင်းသားမျိုးနွယ်စုများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း စသည်တို့မှာ ဂျပ်ခုတ်ရက်ကန်းစင်ဖြင့် ခတ်၍ဝတ်ဆင်

ရသော နှစ်နံ့စပ်အထည်များကို ဝတ်ဆင်ကြသည်။ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည်တို့မှာ ရက်ကန်းစင်ကြီးဖြင့် အထည်များကို ရက်လုပ်ဝတ်ဆင်ကြသည်။ တိုင်းရင်းသား မျိုးနွယ်စုများသည် အဝတ်အထည်များရက်လုပ်မှုတွင် တူညီသော်လည်း မျိုးနွယ်စုတစ်စုနှင့် တစ်စုမှာ အဝတ်အထည်ပေါ်တွင် အလှဆင်၍ ထည့်သွင်းရက်လုပ်ထားသော ဒီဇိုင်းများမှာ မတူညီကြပေ။

တိုင်းရင်းသားမျိုးနွယ်စုများတွင်ပါဝင်သည့် မြန်မာနိုင်ငံမြောက်ဖျားပိုင်းတွင် နေထိုင်သည့် ကချင်မျိုးနွယ်စုတို့မှာလည်း အထည်ရက်လုပ်ရာတွင် ရှေးယခင် ဂျပ်ခုတ် ရက်ကန်းစင်များကို အသုံးပြု၍ အဝတ်အထည်များကို ရက်လုပ်ဝတ်ဆင်လာကြသည်။ ယနေ့ခေတ်တွင် ဖွံ့ဖြိုးတိုးတက်လာသော ခေတ်နှင့်အညီ ရက်ကန်းစင်ကြီး၊ စက်ရက်ကန်းတို့ဖြင့် အဝတ်အထည်များကို ရက်လုပ်ဝတ်ဆင်လာကြသည်။ အဝတ်အထည်များကို ခေတ်မီနည်းစနစ်ဖြင့် ရက်လုပ်တတ်လာကြသည်နှင့်အမျှ အထည်ဒီဇိုင်းများမှာလည်း ဆန်းသစ်လာသည်။

အထည်ဒီဇိုင်းများမှာ ရှေးအခါက လူတို့သည် မိမိတို့၏ ပတ်ဝန်းကျင်တွင်ရှိသော သဘာဝအတိုင်း ဖြစ်နေသော အရာဝတ္ထုများကို ထည့်သွင်း၍ ပုံဖော်တတ်ကြသည်။ ၎င်းသာဓကကို ဒေါက်တာသန်းထွန်း၏ သမိုင်းထဲက ဒီဇိုင်းစာအုပ်ထဲတွင် ရေးသားဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်မှ အရာဝတ္ထုများ အသုံးပြုခဲ့ကြောင်းကို မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ပျူလူမျိုး၏ အသုံးအဆောင်ဖြစ်သော ရေအိုးများပေါ်တွင် သစ်ရွက်ပုံ၊ ရေလှိုင်းပုံ၊ တိရစ္ဆာန်ပုံတို့ကို ရေးဆွဲခဲ့ကြောင်းကို တူးဖော်တွေ့ရှိသည့် အိုးခြမ်းပဲ့များပေါ်တွင် တွေ့ရှိရသည်။

ကချင်အမျိုးသမီးများ၏ အိမ်တွင်းမှုလုပ်ငန်းများ အနက် ဂျပ်ခုတ်ထည်ရက်လုပ်ခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဂျပ်ခုတ်ဆိုသည်မှာ အနံသေး၍ အသားထူသော အထည်မျိုးကို ရက်လုပ်ပြီး လွယ်ကူစွာ ရွှေ့ပြောင်းရက်လုပ်နိုင်သော အတတ်ပညာဖြစ်ပါသည်။ ကချင်မျိုးစုများဖြစ်သည့် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါးတို့၏ ရိုးရာဝတ်စုံများမှာ ရိုးရာ ဂျပ်ခုတ်ထည်များဖြစ်သည်။ ကချင်မျိုးနွယ်စုများသည် အထည်များကို ရက်လုပ်ရာတွင်

အဓိက အနီ၊ အစိမ်း၊ ခရမ်း၊ အနက် စသည့်အရောင်များကို အသုံးပြုကြသည်။



ဖရုံစေ့ပုံဒီဇိုင်း



ပင်စိမ်းပွင့်ပုံဒီဇိုင်း



မင်းဘောရွက်



ဝါစေ့ပုံဒီဇိုင်း


ကချင်မျိုးနွယ်စုတို့၏ အထည်ဒီဇိုင်းများမှာ ထူးခြားဆန်းကြယ်လှပသည်။ အထည်ဒီဇိုင်းများတွင် ကချင်လူမျိုးတို့၏ ရိုးရာမနောပွဲတော် ကျင်းပရာတွင် မပါလျှင်မဖြစ်သော မနောတိုင်တွင် အနီ၊ အစိမ်း၊ ခရမ်း၊ အဖြူ၊ အဝါရောင်များဖြင့် ရေးဆွဲထားသော သဇင်ခွေ၊ ဒူပုံနှင့် မြွေလိမ်ပုံ များမှာ အဓိကဒီဇိုင်းများဖြစ်သည်။ ထို့ပြင် ကချင်မျိုးနွယ်စုမှာ နေထိုင်ရာဒေသများရှိ သစ်ပင်၊ ပန်းမာန်၊ သဘာဝရှုခင်းများစွာ ပေါ်များသောဒေသ ဖြစ်သည့်အလျှောက် အထည်များပေါ်တွင် ထည့်သွင်းရက်လုပ်တတ်ကြသည်။

ထို့ကြောင့် ကချင်မျိုးနွယ်စုများ၏ အထည်ဒီဇိုင်းမှာ သဘာဝပတ်ဝန်းကျင်က စသည်ဟု ဆိုရမည်ဖြစ်သည်။ ကချင်အမျိုးသမီးတို့၏ အထည်ရက်လုပ်မှုမှ ရေးအကျဆုံးဒီဇိုင်းမှာ ၎င်းတို့နေ့စဉ် စားသောက်နေသော အစားအစာ၊ အသုံးအဆောင်၊ သစ်ပင်၊ ပန်းမာန်၊ အနီးပတ်ဝန်းကျင်ရှိ သဘာဝတောတောင်၊ တိရိစ္ဆာန်များ၊ သဘာဝပုံရိပ်များဖြစ်သည်။ ဥပမာ- နေ့စဉ်စားသောက်နေသော ထမင်း၊ ကချင်မျိုးနွယ်စုများ၏ ရိုးရာအစားအစာတွင် မပါလျှင်မဖြစ်သော ပင်စိမ်းပင်မှ အပွင့်ပုံစံ၊ ပဲပုပ်စေ့ပုံစံ၊ ဒူပုံစံ၊ ဟင်းပျဉ်ပွင့်ပုံစံ၊ အဝတ်အထည်များ ရက်လုပ်ရာတွင် အသုံးပြုသော

ဝါပင်မှဝါစေ့နှင့် ဝါပွင့်ပုံဒီဇိုင်း မိမိတို့ပတ်ဝန်းကျင်တွင် တွေ့ရတတ်သော တိရိစ္ဆာန်များဖြစ်သည့် ကြက်တူရွေး၊ ပျံလွှားငှက်၊ လိပ်ပြာပုံ၊ ကြက်ဖပုံ၊ ဆင်ပုံ၊ ဒေါင်းငှက်ပုံစံ၊ ခွေးပုံစံ၊ တီကောင်ပုံစံဒီဇိုင်း အစရှိသဖြင့် ရက်လုပ်တတ်ကြသည်။



ကြက်ဖပုံဒီဇိုင်း



ဥဒေါင်းပုံဒီဇိုင်း




မနော်တိုင်ပုံဒီဇိုင်း



မနော်တိုင်ပုံဒီဇိုင်း





ယနေ့ပြန်လည်ဆန်းသစ်တီထွင်ထားသောဒီဇိုင်းများ

ကချင်မျိုးနွယ်စုများသည် ဂျပ်ခုတ်ရက်ကန်းငယ်ဖြင့် ရက်လုပ်ထားသော အထည်ကို ယနေ့ခေတ်တွင် ရိုးရာဝတ်စုံအနေဖြင့်သာ ဝတ်ဆင်ကြသည်။ နေ့စဉ်ဝတ်ဆင်သော ချည်ချောထည်များကို အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော အထည်၊ ရက်ကန်းစင်ကြီး၊ စက်ရက်ကန်းဖြင့် ရက်လုပ်ထားသော အထည်များကို ဝတ်ဆင်ကြသည်။ အထည်များပေါ်တွင် ပုံဖော်ရက်လုပ်ကြသော ဒီဇိုင်းများမှာလည်း ရှေးဟောင်းဒီဇိုင်းများကို မူလလက်ရာ မပျက်ဘဲ ပြန်လည်ဆန်းသစ်၍ ရက်လုပ်လာကြသည်။ ကချင်ရိုးရာအထည်များကို ခေတ်မီဆန်းသစ် တီထွင်ထားသော ဒီဇိုင်းများဖြင့် ရက်လုပ်ထားသော ချည်ထည်၊ ပိုးထည်များမှာ ယနေ့ခေတ်တွင် လူကြိုက်များသည့်မှာ မြန်မာတစ်နိုင်ငံလုံးတွင်သာမက နိုင်ငံရပ်ခြားတိုင်းပြည်များအထိကျော်ကြားကာ၊ ကမ္ဘာလှည့် ခရီးသွားများ၏ မျက်စိကျရာ ရိုးရာအထည်များ ဖြစ်လာပါသည်။

# ကယားတိုင်းရင်းသားတို့၏ "ကေဒူလဲ" (ခေါ်)

# တောကောင်လိုက်ပွဲတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်း အစဉ်အလာများကို ရာသီအလိုက်ပွဲတော်များ အသီးသီး ကျင်းပလေ့ ရှိကြပါသည်။ ကယားပြည်နယ်တွင် ကယား၊ ကယန်း၊ ကယော၊ ဂေခို၊ ဂေဘား၊ မနုမနော၊ ယင်းဘော်၊ ယင်းတလဲ စသည့် ဌာနေ တိုင်းရင်းသား (၉)မျိုးအပြင် ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ကရင်၊ လီဆူ၊ အင်းသား စသည့် တိုင်းရင်းသား ပေါင်းစုံ နေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထို့အတူကယားပြည်နယ်ရှိ ကယားတိုင်းရင်းသား မျိုးနွယ်စု များသည်လည်း ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများ နှင့်အညီ နွေ့ထူးနွေ့မြတ်၊ ပွဲတော်ရက်များရှိကြပါသည်။ ကယားတိုင်းရင်းသား မျိုးနွယ်စုများတွင်ရှိသော ပွဲတော် များစွာအနက် ကယားတိုင်းရင်သားတို့၏ ခေတ်အဆက်ဆက် ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက ကျင်းပခဲ့သော "ကေဒူလဲ"(ခေါ်) တောကောင် လိုက်ပွဲတော် အကြောင်းကို တင်ပြသွားမည်ဖြစ်ပါသည်။

ကယားတိုင်းရင်းသားတို့ နေထိုင်သော ကယားပြည်နယ်သည် တော၊ တောင်၊ ရှူ၊ မြောင်၊ စိမ့်၊ စမ်းတို့ ထူထပ်ပေါများသော ဒေသဖြစ်ရာ၊ ဂျီ၊ ဒရယ်၊ ဆတ်၊ တောနွား၊ တောဝက်၊ တောဆိတ်၊ ကျား၊ ဝက်ဝံ တို့လည်း အဆိုပါဒေသများတွင် ခိုအောင်းကျက်စားလျှက် ရှိပါသည်။ ထို့ကြောင့် ကယားတို့သည် အမဲလိုက်ခြင်း၊ အမဲပစ်ခြင်းကို ကျင်လည်စွာ တတ်ကျွမ်းကြ၍ တောင်ယာ ရိတ်သိမ်းပြီးချိန်တွင် လူစုလူဝေးဖြင့်လည်းကောင်း၊ ပုဂ္ဂလိက အနေဖြင့်လည်းကောင်း၊ အမဲလိုက်ကြလေသည်။ အမဲလိုက်ခြင်း၏ ရည်ရွယ်ချက်မှာ အမဲလိုက်ရသည့် အသားများကို အခြောက်လှန်း၍ ပွဲတော်များတွင် ကျွေးမွေးရန်နှင့် ပူဇော်ပသပွဲများတွင် အသုံးပြုရန်ဖြစ်ပါသည်။ ကယားတိုင်းရင်းသားတို့သည် တောင်ယာရိတ်သိမ်းပြီးချိန်တွင် လူစုလူဝေးဖြင့် “ကေဒူလဲ” ခေါင်တစ်အိုးစီလည်း အဆင်သင့် ချက်ထားရပါသည်။






တောကောင်လိုက်ရန် ပြင်ဆင်နေကြပုံ



## ရရှိလာသော သားကောင်

တောကောင်လိုက်မည့်နေ့ ရောက်သောအခါ ရွာရှိ အမျိုးသားများသည် ဓား၊ လှံ၊ သေနတ်များကို ဆွဲကိုင်ပြီး ငှက်လိုက်ပွဲကဲ့သို့ပင် တောတွင်းသို့ဝင်ရောက်ကာ သမင်၊ ဒရယ်၊ ဂျီ၊ စိုင်၊ ဆတ် စသည့် တောကောင်တို့ကို လိုက်လံပစ်ခတ်ကြသည်။ ပစ်ခတ်၍ ရသောသားကောင် များ၏ ခြေသဲ၊ လက်သဲ၊ ခြေ(၄) ချောင်း၊ အူအသည်းနှင့်

နားရွက်ဖျား၊ နှာခေါင်းဖျားပါမကျန် တစ်ကောင်လုံး၏ အင်္ဂါစုံ အနည်းငယ်စီကို စုပေါင်း၍ နတ်ကို ပူဇော်ပသကြရသည်။ "ကေဒူလဲ" ခေါ် တောကောင် လိုက်ပွဲတွင် နတ်ကို ပူဇော်သည့်အခါ နတ်စင်သို့ အမျိုးသမီးများ မသွားကြရချေ။ နတ်ကိုပူဇော်ပသပြီး တောကောင်အသားများကို ရွာရှိ အိမ်ထောင်စုများ အချိုးကျဝေငှယူကြသည်။ တောကောင် လိုက်သူများကိုလည်း ရွာရှိအိမ်များမှ တစ်အိမ်လျှင် တစ်အိုးကျ စုဆောင်းယူဆောင်လာသော ခေါင်ရည်တို့ကို တိုက်ကြသည်။

## **"ကေဒူလဲ" ခေါ် တောကောင်လိုက်ပွဲ ကျင်းပနေစဉ် ရှောင်ကြဉ်ရမည့်ဓလေ့များ**

မိမိတို့ရွာတွင် တောကောင်လိုက်ပွဲ ကျင်းပနေစဉ် ရွာတွင်းရှိလူများသည် အရက်ချက်ခြင်း၊ သစ်ဝါးခုတ်ခြင်း၊ ရက်ကန်းရက်ခြင်း၊ ဗိုင်းငင်ခြင်း၊ ချည်ရှည်ခြင်း၊ အဝတ်အထည် ချုပ်ခြင်းတို့မှ ရှောင်ကျဉ်ကြရ၏။ ဤကဲ့သို့ တားမြစ်ချက်များကို လိုက်နာခြင်းရှိမရှိ အစောင့်ထားကြပြီး တစ်အိမ်တက်ဆင်း လိုက်ကြည့်ခိုင်းသည်။

တောကောင်လိုက်နေစဉ် ရွာတွင်းသို့လည်း ဧည့်သည်များ ဝင်ပိုင်ခွင့်မရှိကြချေ။ ရွာအဝင်လမ်းများကိုလည်း မည်သူမည်မျှဝင်ရောက်ခြင်း မပြုနိုင်ရန် ပိတ်ထားကြရသည်။ အကယ်၍ အရေးကြီးသောကိစ္စ ပေါ်ပေါက်လာပါက ရွာတွင်းသို့ဝင်ခွင့်တောင်း၍ ကန်တော့ကြေးပေးပြီး ဝင်ကြရပါသည်။ အရေးမကြီးလျှင် ရွာပြင်ဘက်မှလှမ်း၍ ပြောလိုသည့်ကိစ္စကို ပြောနိုင်သည်။ ထိုအပြင် ရွာတွင်း၌ ဆူညံခြင်းလည်း မပြုရပေ။ “ကေဒူလဲ”ခေါ် တောကောင်လိုက်ပွဲနေ့ကို နေ့ထူးနေ့မြတ်ဟု သတ်မှတ်ထားကြသဖြင့် ထိုနေ့တွင် အမျိုးသမီးများ ခေါင်းလျှော်ခြင်း မပြုရကြရပေ။ ကလေးများကိုလည်း တစ်ခါမျှ မသွားဖူးသေးသော နေရာသို့ သွားနေကြလမ်း မဟုတ်သည့်လမ်းမှ ခေါ်ဆောင်သွားတတ်ကြသည်။ ဤသို့ပြုလုပ်ခြင်းမှာ ထို့နေ့သည် နေ့ကောင်းနေ့မြတ်ဖြစ်သဖြင့် ကောင်းသောနေရာသို့ သွားခြင်း သဘောမျိုးပင်ဖြစ်သည်။ “ကေဒူလဲ” ခေါ် တောကောင် လိုက်ပွဲကျင်းပနေစဉ် မလုပ်ရဟု တားမြစ်ထားသော စည်းကမ်းများကို ချိုးဖောက်မိလျှင် ဓါး၊ လှံ၊ လက်နက်ကိုင်၍ တောကောင်လိုက်သူများအတွက်

ဘေးအန္တရာယ်နှင့်တွေ့တတ်သည်ဟု ယူဆကြသောကြောင့် ကယားတိုင်းရင်းသားတို့သည် ဤပြည်တတ်ချက်များကို အထူး လိုက်နာကြပါသည်။



**တောကောင်အသားများကို ရွာရှိအိမ်ထောင်စုများအား အချိုးကျခွဲဝေပေးနေပုံ**



**တောကောင်အသားများကို ရွာရှိအိမ်ထောင်စုများအား**

**အချိုးကျခွဲဝေပေးနေပုံ**

# ကယန်းတိုင်းရင်းသားများ၏ ဂျပ်ခုတ်လုပ်ငန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားမျိုးနွယ်စု(၁၃၅)မျိုးရှိသည့် အနက် ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့၊ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာအစားအစာများ ကွဲပြားလျက်ရှိကြပါသည်။ ကယားပြည်နယ်တွင် ကယား၊ ကယန်း(ပဒေါင်)၊ ကယော၊ ဂေခို(ကယန်းကဒေါ့)၊ ဂေဘား၊ မနုမနော(ကော်ယော်)၊ ယင်းဘော်၊ ယင်းတလဲ၊ ဇယိမ်း (ကယန်းလထာ) စသည့် ဌာနေတိုင်းရင်းသား(၉)မျိုးအပြင် ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ကရင်၊ လီဆူ၊ အင်းသားစသည့်တိုင်းရင်းသား ပေါင်းစုံနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ကယားမျိုးနွယ်စုထဲမှ ကယန်း(ပဒေါင်) တိုင်းရင်းသားတို့၏ အိမ်တွင်းလက်မှုလုပ်ငန်းများဖြစ်သည့် ဖျာအမျိုးမျိုး၊ စကော၊ ပလိုင်း၊ ပုတ်တောင်း၊ ဒေါင်းလန်း၊ နောက်လွယ်၊ ထမင်းဘူး၊ ခေါင်ခွက်၊ မြေအိုး၊ ပြည်တောင်း၊ ခွဲတောင်း၊ ငါးဖမ်းကိရိယာများ၊ ဂျပ်ခုတ်ရက်လုပ်ငန်း၊ ဆေးတံနှင့် အခြားပစ္စည်းများ ပြုလုပ်လျက်ရှိပါသည်။ ၎င်းတို့အနက်မှ ကယန်းတိုင်းရင်းသားတို့၏ အိမ်တွင်းလက်မှုပညာဖြစ်သော ဂျပ်ခုတ်လုပ်ငန်းကို ရေးသားပြုစုတင်ပြအပ်ပါသည်။

## ဂျပ်ခုတ်လုပ်ငန်းဖြစ်ပေါ်လာပုံအဆင့်ဆင့်

ဂျပ်ခုတ်လုပ်ငန်းသည် ကယန်းတိုင်းရင်းသားတို့၏ အိမ်တွင်းမှုလုပ်ငန်းတစ်ရပ်အဖြစ် ထင်ရှားလှသည်။ ဂျပ်ခုတ်လုပ်ငန်းသည် ကယန်းတိုင်းရင်းသားတို့၏ မိရိုးဖလာ မရိုးနိုင်သော ရိုးရာလုပ်ငန်းဖြစ်ပါသည်။ ကယန်းတိုင်းရင်းသားတို့၏ ဂျပ်ခုတ်လုပ်ငန်းဆိုသည်မှာ မြေပေါ်တွင် တိုင်နှစ်တိုင်စိုက်ထူကာ ထိပ်ဦးတန်းထားပြီး လိုအပ်သည့် အတိုင်ယပင်များကို ထိပ်ဦးတန်း၌ ရစ်ပတ်ကာ အထည်သားကို ဂျပ်ခုတ်ရက်လုပ်ခြင်းဖြစ်သည်။ ကယန်းတိုင်းရင်းသားတို့သည် လယ်ယာကို လုပ်ကိုင်ကြပြီး ဂျပ်ခုတ်ထည်များကို ဝတ်ဆင်ကြသည်။ ဂျပ်ခုတ်လုပ်ငန်းသည် ဝါးဂွမ်းကို ချည်ဖြစ်လာအောင် ပြုလုပ်ပြီး ရက်လုပ်ရသည့် ရက်ကန်းဖြစ်ပါသည်။ ဂျပ်ခုတ်စင်သည် ရိုးရာအထည် ရက်လုပ်ငန်းကိရိယာဖြစ်သည်။

ဂျပ်ခုတ်စင်တွင်ပါရှိသော ကိရိယာအခေါ်များမှာ ထိပ်ဦးတန်း၊ အတိုင်ယပင်၊ စည်းတန်း၊ အလယ်ဝင်ရိုး၊ နှုတ်သီးတံ၊ ဂျပ်ပြား၊ နယ်ကန်၊ အသားလိပ်တိုး၊ ခါးပတ်နှင့် ရက်ခေါက်တို့ဖြစ်သည်။ ဂျပ်ခုတ်စင်တွင်



**ကယန်းအမျိုးသမီးဗိုင်းငင်နေပုံ**



**ကယန်းအမျိုးသမီးဂျပ်ခုတ်နေပုံ**

ပါရှိသော ဂျပ်ရက်ကန်းရှည်စင်၌ ချည်တစ်ပင်ပတ်တိုင်း နူတ်ကော်သွားသည်။ ချည်ပင်များကို ခွဲထားရ၏။ အတိုင် ယပင်ပေါ် ချည်ပင်ကျော်၍ အောက်အတိုင်ယပင်ကိုကျော် ကာ နူတ်သီးတံဖြင့်ဆက်ပေး၏။ အထည်ရက်လုပ်ရာ၌ ဘေးသို့မတွန့်သွားအောင် နယ်ကန်နှင့် ထိန်းပေးရသည်။ ရက်ပြီးသားအထည်ကို အသားလိပ်တုံးဖြင့် လိပ်သွား ရသည်။ ဂျပ်ခုတ်ရက်လုပ်နေစဉ် ခြေဆင်းထိုင်ကာ ခါးကို သားရေခါးပတ်ဖြင့်စည်းပေးထားသည်။ ဂျပ်ခုတ်စင်တစ်ခု လျှင် လေးရက်မှငါးရက်ခန့်ကြာမှပြီးသည်။ လွယ်အိတ် တစ်လုံးဆိုလျှင် နှစ်ရက်ခန့်အချိန်ယူရပါသည်။ ကယန်း တိုင်းရင်းသားတို့၏ ဂျပ်ခုတ်ထည်များတွင် စောင်၊ လွယ်အိတ်၊ ဘောင်းဘီ၊ သင်တိုင်းနှင့် ခေါင်းပေါင်း စသည်တို့ ရက်လုပ်ကြသည်။ ဂျပ်ခုတ်အထည်များသည် ထူပြီး ခိုင်ခံ့သည်။ ကယန်းတိုင်းရင်းသားတို့သည် ချည်ရရှိအောင် ဝါကိုခြံလုပ်ပြီး စိုက်ပျိုးကြသည်။ ဝါရသောအခါ ချည် ရအောင်ဖိုင်းငင်ပြီး ဂျပ်ခုတ်ထည်များကို ရက်လုပ်ကြသည်။

ကယန်းတိုင်းရင်းသားတို့သည် ဂျပ်ခုတ်လုပ်ငန်းကို လုပ်ရိုးလုပ်စဉ် လုပ်ငန်းမျှသာ သဘောထားကြ၍ ဝါဂွမ်း ဘယ်နှစ်ပိဿာ ကြိတ်လျှင် ဂွမ်းမည်မျှရသည်၊

ဂွမ်းဘယ်နှစ်ပိဿာ ငင်လျှင် ချည်ဘယ်နှစ်ပိဿာရသည်၊ ချည်ဘယ်နှစ်ပိဿာရက်လျှင် ဖျဉ်ပိတ် ဘယ်နှစ်တောင် ရသည် စသည်ဖြင့် စံနှုန်းမရှိပါ။ ဗိုင်းငင်ချည်ချ၊ အထည် ရက်သည့်စံနှုန်း ဂျပန်ကုမ္ပဏီတစ်ခုက အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့သည်။ စက်ကြိတ်ဝါဂွမ်း တစ်ပိဿာ ဆယ့်ငါးကျပ်လျှင် ဖန့်ပြီး ဝါတစ်ပိဿာ၊ ၎င်းဖန့်ပြီး ဝါကို ဗိုင်းတောင့်(၈)တောင့်၊ ချည်ဝင်(၁)ဝင်၊ ချည်ဝင်(၂)ဝင်လျှင် ချဉ်ခင် (၁) ခင်၊ ချည်ခင် (၂၀) ချည်ထုတ် (၁) ထုတ် (၁) ပိဿာ၊ ချည် (၁) ပိဿာကို ဖျဉ်ရက်လျှင် အနံ (၂၈) လက်မ၊ အလျား (၁၈) တောင်ရမည်ဟု သတ်မှတ်ပြီး ဂျပန် ခေတ်တွင် ဝါဂွမ်းပေး၍ အထည် ရက်လုပ်ခိုင်းသည်။

ဂျပ်ခုတ်ထည်များကို ဆေးဆိုးလုပ်ကိုင်ကြ၏။ ဆေးမှာသဘာဝဆိုးဆေးများ ဖြစ်ပါသည်။ သဘာဝဆိုးဆေး များမှာအနီ၊ အမည်းများဖြစ်ပါသည်။ ပေါင်ပင်အခေါက်ဆိုးလျှင် မြေကြီးရောင်ရသည်။ ညောင်ပင်ခေါက်၊ ပေါင်ပွင့်၊ သံပုရာသီး၊ မန်းကျည်းသီးတို့ကို ရော၍ပြုတ်ပြီး ဆေးဆိုး လျှင်သော်လည်းကောင်း ရှားခေါက်ကိုဆိုးလျှင်သော်လည်း ကောင်း ရှားနှစ်ရောင်ရသည်။ ချိတ်ဆေးကိုဆေးဆိုးလျှင် အနီရောင်ရသည်။ နနွင်းဥကို ထောင်းပြီးပြုတ်လျှင်

အဝါရောင်ရသည်။ ဆီးဖြူသီးကို ထောင်းပြီးပြုတ်ကာ အညိုရောင် ရွှံ့နှင့်ရော၍ သုံးရက်ကြာထားလျှင် အမည်း ရောင်ရသည်။ ပဲပင်အရွက်စိုကို ထောင်းပြီးပြုတ်လျှင် အစိမ်းရောင်ရသည်။ ကယန်းတိုင်းရင်းသားများသည် အထည်များကို ရိုးရာဂျပ်ခုတ်ဖြင့် ရက်လုပ်ကာ ရေးနှစ်ပေါင်း များစွာမှစ၍ ဝတ်ဆင်လာခဲ့ကြသည်။ ဤသည်ပင် ကယန်း တိုင်းရင်းသားတို့သည် မိမိတို့၏ ရိုးရာဓလေ့၊ ရိုးရာအလှကို ယခုကာလအထိ ထိန်းသိမ်းလာကြသည်။

# ကရင်ရိုးရာ ထိုးကွင်းဓလေ့

ကရင်အမျိုးသားတို့၏ ဓလေ့များစွာတို့အနက် ထိုးကွင်းထိုးကြခြင်းအကြောင်းကို လေ့လာကြည့်ရာတွင် အကြမ်းအားဖြင့် ရည်ရွက်ချက်သုံးမျိုးရှိ၏။

(၁) ရန်သူများ ကြောက်လန့်သွားစေရန်

(၂) လှပစေရန်နှင့်

(၃)ဘာသာရေးအရ လိုအပ်သောကြောင့်ဖြစ်သည်။

ကရင်အမျိုးသားတို့ ထိုးကွင်းထိုးကြခြင်းသည် လှပစေရန်နှင့် ယောကျ်ားပီသစေရန်ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရသော် လူပျိုဖော်ဝင်လာသော ယောကျ်ားပျိုလေးများအား သက်ဆိုင်ရာမိဘများက ယောကျ်ားပီသရဲရင့်စေရန် တာဝန်ဝတ္တရားအရ ထိုးကွင်းထိုးစေခြင်းဖြစ်သည်။ မိန်းကလေးများမှာ ရက်ကန်းရက်တတ်မှသာလျှင် မိန်းကလေးပီသသည်။ ယောကျ်ားလေးဆိုလျှင်လည်း ထိုးကွင်းပါမှ တင့်တယ်သည်ဟု ကရင်အမျိုးသားတို့က ယူဆကြသည်။ ထိုးကွင်းပါသောလုလင်ပျိုများသည် ထိုးကွင်းထိုးရမည်ကို လိုလိုချင်ချင် ရှိကြသူများသာ

ဖြစ်ကြ၏။

အဘယ့်ကြောင့်ဆိုသော် ထိုးကွင်းပါသူကိုမှ ရွေးပြီး အများတကာက အထင်ကြီးကြ၏။ အရေးပေးကြ၏။ ကုန်ကုန်ဆိုရသော် ထိုးကွင်းပါသော မောင်ကြီးများကိုသာ ကရင်လုံမငယ်တို့က မေတ္တာမျှလိုကြသည်။ လှပျိုဖြူများ ရှေ့ဝယ် ဟန်ရေးပြနိုင်စေရန် ကရင်လူငယ်တို့ အနာခံဆေးထိုး ကြသည်မှာ မဆန်းပေ။

ဆေးထိုးရာတွင် ရေးအလေ့အထအတွက် မပါမဖြစ် လိုအပ်သည်ကား မင်နက်ဖြစ်သည်။ ထိုအရေးကြီးပစ္စည်းကို ရရန် ဦးစွာနှမ်းဆီမီးခွက်အပေါ်တွင် သပိတ်အုပ်ပြီး မှိုင်းခံ ယူရသည်။ ထိုသို့ရလာသော မှိုင်းကိုသတ်မှတ်ထားသည့် အချိန်အဆနှင့်အညီ စပါးကြီးမြွေ၏ သည်းခြေနှင့် ရောစပ်၍ ရေအနည်းငယ်ထည့်ပြီး အတောင့်ကလေးများ ပြုလုပ်ရသည်။

ထိုအတောင့်ကလေးများကို ဝါးကျည်တောက်တွင် ထည့်၍ လေမဝင်နိုင်အောင် အလုံပိတ်ရသည်။ အလင်းရောင် လည်းလုံရသည်။ အိမ်နောက်ဖေး ဗွက်ထူရာမှာ ၁၅ရက်ခန့် မြှုပ်ထားရမည်။ မင်သေအောင်လုပ်ခြင်းဖြစ်သည်။ အကယ်၍ မင်မသေဘဲ ထိုးမိပါက ပေါင်ပျက်တတ်၏။

မင်သေလောက်တော့မှ ဝါးကျည်တောက်ကို ဗွက်ထဲမှ ပြန်တူးရသည်။ မင်တောင့်ကလေးများကို ရေဖြင့်ဖျော်ပြီးထိုးရသည်။ အသုံးပြုသော စူးကာအခွ ရှစ်ခွ သို့မဟုတ် တစ်ဆယ့်နှစ်ခွပါသည့် ကြေးစူးဖြစ်သည်။ ထိုးကွင်းထိုးရာတွင် သွေးထွက်မလွန်စေရန် အထူးသတိထားရသည်။ အပူပြင်းသော တပေါင်း၊ တန်ခူးလ များကိုရှောင်ရ၏။ မိုးတွင်းမှာသာ အထိုးများ၏။ မိုးအခါမှာလည်း တစ်နေကုန် ကြိုက်ရာအချိန်တွင် ထိုး၍မဖြစ်။ နံနက်စောစော ၄ နာရီ လောက်မှ စထိုးပြီး နံနက်၉နာရီဆိုလျှင် ထိုးကွင်းထိုးခြင်းကို ရပ်ရသည်။

ဆေးမထိုးမီ ဘိန်းတစ်ပဲသားခန့် မျိုထားမှသာ အထိုးခံနိုင်သည်။ သို့တိုင်အောင် ဆေးထိုးပြီး နှစ်ရက်ခန့် အိပ်ယာထဲမှမထဘဲ နေလေ့ရှိသည်။ ဆေးထိုးပြီးစမှစ၍ တနေ့သုံးကြိမ် လေးကြိမ်လောက် ရေစိမ်ပေးရသည်။ အနာအကျက်မြန်စေရန် သတိပြုနေထိုင်ရသည်။ အနာမရင်းစေရန် အစားအသောက်ရှောင်ရသည်။ အနာဘေးလေးများကွာ၍ယားပါကလည်းမကုတ်မဖွဲ့ဘဲ စိတ်ကိုထိန်းရသည်။

ပေါင်တစ်ဘက်တွင် လေးထောင့်ကွက် နှစ်ဆယ့် လေးကွက် အချို့ကလည်း စက်ဝန်းပုံသဏ္ဍာန် ထိုးလေ့ရှိ၏။ လေးထောင့်ကွက်တွင် ခြင်္သေ့ရုပ်ထိုးပြီး စက်ဝန်းထဲတွင် ဇော်ရုပ် ထိုးလေ့ရှိသည်။ ဇော်ကဟန်၊ ခြင်္သေ့မာန်ဟန်၊ ဒေါင်းကဟန်၊ စကြာပန်း စသည်အားဖြင့် အမျိုးမျိုး ထိုးကြပါသည်။ တစ်ကွက်နှင့် တစ်ကွက်ကြားတွင် ရေမှုတ်၊ ယိုးဒယားပန်းလိမ်နှင့် လွှသွားပုံ၊ ကြောင်လိမ်ပန်း၊ အိမ်မြှောင်တို့လည်း ထိုးကြသည်။ ကြိုက်နှစ်သက်သလို သရုပ်ဖော်လေ့ရှိ၏။

စက်မှုထွန်းကားလာသောအခါ ခက်ခဲစွာထိုးနေရန် မလိုတော့ဘဲ ဆေးထိုးစက်လေးများ သုံးလာနိုင်သဖြင့် ငွေကုန်သက်သာ မြန်ဆန်လွယ်ကူလာပြီဖြစ်သည်။ သို့သော် ရှေးကမွန်၊ မြန်မာ၊ ရှမ်းဆရာကြီးများ နောက်ပိုင်း ကရင်ဆရာကြီးများ ကိုယ်တိုင်ထိုးပေးသော ကရင်အမျိုးသားတို့၏ ရိုးရာကွင်းနှင့် သဘောသဘာဝချင်းရော အနှစ်သာရချင်းပါ ကွာခြားလှပါ၏။

ခါးအထက်ပိုင်းတွင် ထိုးရသော မင်ကြောင်ကို ယခုခေတ် ကရင်လူငယ်တို့ မထိုးကြသလောက်နည်း

သွားပါပြီ။ ဒူးဆစ်မှ ခါးအထိကိုမူ ထိုးကွင်းထိုး အလေ့အထ ရှိနေဆဲဖြစ်သော်လည်း ရှေးအခါကလောက် မများတော့ဘဲ နည်းသွားခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ အချိန်တွေညောင်း ခေတ်တွေပြောင်းလာပြီ ဖြစ်သဖြင့် လူငယ်တစ်ယောက် ယောက်ျားပီသရေး၊ ရဲရင့်ရေးအတွက် ကြိုက်ရာရွေးနိုင်ရန် နည်းလမ်းများစွာ ရှိလာခဲ့ပြီ ဖြစ်သည်။ သို့သော် ထိုးကွင်းထိုးခြင်းဖြစ်ပေါ်ရာ ရည်ရွယ်ချက်ကမူ ဘယ်သောအခါမှ ပျောက်အံ့မည်မထင်။



**ရှေးခေတ်ကရင်ရိုးရာထိုးကွင်းဓလေ့ပုံ**



**ရှေးခေတ်ကရင်ရိုးရာထိုးကွင်းခလေ့ပုံ**



ရှေးခေတ်ကရင်ရိုးရာထိုးကွင်းဓလေ့ပုံ



ရှေးခေတ်ကရင်ရိုးရာထိုးကွင်းဓလေ့ပုံ



ရှေးခေတ်ကရင်ရိုးရာ ထိုးကွင်းဓလေ့ပုံ



ရှေးခေတ်ကရင်ရိုးရာထိုးကွင်းဓလေ့ပုံ

# ကရင်ပြည်နယ် သံတောင်ကြီးမြို့မှ နော်ဘူဘောဆုတောင်းတောင်သမိုင်းအကြောင်း

နော်ဘူဘောဆုတောင်းတောင်သည် ကရင်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် သံတောင်ကြီးမြို့တွင် တည်ရှိပါသည်။ ကရင်ပြည်နယ်၏ အမြင့်ဆုံးသောတောင်များထဲတွင် ပါဝင်ပြီး တောင်ပေါ်မှ လတ်ဆတ်သော လေကို ခံစားရင်း သဘာဝပတ်ဝန်းကျင် အလှအပရှုခင်းများကို အပြည့်အဝခံစားနိုင်သည်။

ပင်လယ်ရေမျက်နှာပြင် အထက် ၄၈၂၄ ပေအမြင့်တွင် တည်ရှိသည်။ တောင်ပေါ်သို့တက်လျှင် လှေကားထစ်ပေါင်း ၃၇၄ ထစ်ကို တက်ရသည်။ နော်ဘူဘောတောင်သို့ လာရောက်ကြသည့် ခရီးသွားများသည် အမျိုးမျိုးသော တောင်းဆုများကို ပြုကြသည်။

တောင်၏အမည်မှာ ဒဏ္ဍာရီထဲမှ ကရင်တိုင်းရင်းသူ **"နော်ဘူဘော"** ဟူသောအမည်ကို အစွဲပြု၍ ခေါ်ရာမှ ဖြစ်ပေါ်လာသည်။ တောင်ပေါ်သို့တက်သည့် လှေကားထစ်များအနီးတွင် ဆုတောင်းသည့် အခန်းငယ်များရှိသည်။

တောင်ထိပ်ပေါ်တွင် ကရင်တိုင်းရင်းသူလေး နော်ဘူဘော၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ နော်ဘူဘော အားတရားစီရင်ခဲ့သည့်နေရာ၊ နော်ဘူဘော ရေချိုးဆိပ် စသည့် နေရာများကိုလည်း လေ့လာကြည့်ရှုနိုင်သည်။

## ကရင်ဒဏ္ဍာရီလာပုံပြင်ထဲကနော်ဘူဘော

နာမည်ကျော်ဒဏ္ဍာရီထဲမှ ပုံပြင်အရ ဘွယ်ဟီခို တောင်နှင့် ပတ်ဝန်းကျင်ဒေသတစ်ခုလုံးကို ကီးကူလူမျိုး ဘုရင် "သမိအီ"ကအုပ်ချုပ်ခဲ့ပါသည်။ ဘုရင်မင်းကြီးမှာ စွမ်းအားပြည့်ပြီး တိုက်ရည်ခိုက်ရည် ကောင်းသည့် သားတော် စစ်သူကြီး "စောသာဂါခွား" ခေါ်မင်းသားလေး တစ်ပါးရှိပါသည်။ ၎င်းမင်းသားလေးသည် စစ်ပွဲမှန်သမျှ အနိုင်ရရှိခဲ့သူဖြစ်သည်။ ဘုရင်မင်းကြီး "သမိအီ" သည် အရွယ်ရောက်နေပြီဖြစ်သည့် သားတော်ကို လက်ထပ် ထိမ်းမြားပေးရန်အတွက် သားတော်နှင့်အတူ အခြွေအရံ များ ခြံရံပြီး ချွေးမရှာ ထွက်ခဲ့ကြပါသည်။

တစ်ချိန်တည်းမှာပင် အလွန်တန်ခိုးကြီးမားသည့် ပင်လယ်ဘုရင် **" သာကအူ "** မှာ အိပ်ပျော် နေရင်းမှာပင် ရောင်ခြည်အလင်းတန်း ထွက်တတ်သည့် အချောမော



ကရင်ပြည်နယ်သံတောင်ကြီးမြို့မှ နော်ဘူဘော
ဆုတောင်းတောင်



ကရင်ပြည်နယ် သံတောင်ကြီးမြို့မှ နော်ဘူဘော

ဆုတောင်းတောင်

အလှပဆုံးသမီးတော် **“ နော်ဘူဘော ”** ခေါ် မင်းသမီးလေး တစ်ပါးရှိပါသည်။ ၎င်းသမီးတော် နော်ဘူဘောသည် မိမိ တိုင်းပြည်သာမက အခြားတိုင်းပြည်များအထိ နာမည် ကျော်ကြားသည့် အချိန်ဖြစ်သည်။ တစ်နေ့တွင်စစ်သူကြီး စောသာဂေါ်ခွားနှင့် မင်းသမီးနော်ဘူဘောတို့ တွေ့ဆုံကြရာ မြင်မြင်ချင်းချစ်ကြိုက်ပြီး ခုနှစ်ရက် အကြာမှာပင် လက်ထပ်ခဲ့ကြပါသည်။

ရိုးရာအစဉ်အလာအတိုင်း ခင်ပွန်းသည်နေထိုင်ရာ ဘွယ်ဟီခို တောင်ပေါ်ဒေသကို မင်းသမီး နော်ဘူဘောက အခြွေအရံများနှင့်အတူပျော်ရွှင်စွာ လိုက်ပါခဲ့ပါ တော့သည်။ မျက်စိအောက်ကအပျောက်မခံချစ်ခဲ့ရသည့် တစ်ဦးတည်း သောသမီးတော် နော်ဘူဘောကို နယ်မြေခြားထည့်လိုက် ရသည့်အတွက် ဖခင်ဘုရင်သာကအူက စောသာဂေါ်ခွား တို့ကို သမီးတော်အန္တရာယ်မရှိစေရန် ကတိအထပ်ထပ် တောင်းခဲ့ပါသည်။

နော်ဘူဘောမိခင်ဖြစ်သူက သမီးအတွက်စပါးအပြည့် ဖြည့်ထားသည့် ဘူးသီးခြောက်တစ်ခုနှင့် မှော်ရွှေဘီး တစ်ချောင်း လက်ဆောင်ပေးခဲ့ပါသည်။ ခရီးသွားရင်းလမ်း

တစ်ထောက်အနား ဗိုက်ဆာသည့် အချိန်တွင် နော်ဘူဘော မိခင်ထည့်ပေးလိုက်သည့် ဘူးသီးခြောက်ထဲမှ စပါးတစ်စေ့ ကိုထုတ် အခွံနွှာ၊ ထက်ပိုင်းချိုးပြီး အနီးနားက ကြက်ဥခွံ လေးထဲတွင် ထည့်ချက်လိုက်ပါသည်။ ကြက်ဥခွံအပြည့် ဖြစ်လာသည့် ထမင်းကို လိုက်ပါလာသူများ ခရီးတစ် လျှောက်လုံး ဗိုက်ပြည့်သည်အထိ အာဟာရပြည့်စေခဲ့ပါ သည်။

ဘွယ်ဟီခို နန်းတော်ရောက်ရှိချိန်တွင် မင်းသမီး နော်ဘူဘော၏ ညဘက်အိပ်ချိန်ထွက်တတ်သည့် ရောင်ခြည် များကြောင့် အန္တရာယ်ရှိသူ စုန်းမအဖြစ် ဝိုင်းပြီးသမုတ်ခဲ့ ကြသည်။ များမကြာမီရက်ပိုင်းတွင် စစ်သူကြီးစောသာ ဂေါ်ခွားသည် ရန်သူများကိုတိုက်ခိုက်ရန် စစ်ထွက်တိုက်ရ ပါတော့သည်။ စစ်ထွက်မတိုက်ခင်မှာပင် မင်းသမီးလေး နော်ဘူဘောက တန်ခိုးရှိသည့် မှော်ရွှေဘီးကို ခင်ပွန်း သည်အား အဆောင်အဖြစ်ထည့်ပေးလိုက်သည်။

စစ်သူကြီးစောသာဂေါ်ခွားက စစ်တိုက်ရာတွင် မှော်ရွှေဘီးကို ခြေနှင့်နင်းထားသောကြောင့် ရန်သူများ မမြင်နိုင်ဘဲ အသာစီးနှင့်ချေမှုန်းနိုင်ခဲ့သော်လည်း အသက်



ကရင်ပြည်နယ် သံတောင်ကြီးမြို့မှ
နော်ဘူဘောဆုတောင်းတောင်



**ကရင်ပြည်နယ် သံတောင်ကြီးမြို့မှ**
**နော်ဘူဘောဆုတောင်းတောင်**

မသေသေးသည့် ရန်သူတစ်ယောက်က နောက်ဆုံး စောသာဂေါ်ခွားရှေ့ဘီးကို ခေါင်းပေါ်ပြန်တင်ချိန်တွင် တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် အဆိပ်လူးမြားနှင့် ပစ်လိုက်ပြီး စောသာဂေါ်ခွားလည်း တိုက်ပွဲမှာပင်ကျဆုံးခဲ့ရပါတော့ သည်။

စစ်ပွဲတိုင်းအနိုင်ရခဲ့သည့် စောသာဂေါ်ခွားသည် စစ်ပွဲမှာကျဆုံးခဲ့သည့် တရားခံအဖြစ် မှော်ဘီးပိုင်ရှင် နော်ဘူဘောကို သံသယနှင့် ဝိုင်းပြီးစွပ်စွဲကြပြီး နောက်ဆုံး တရားစီရင်ရန် ဒေဖာဟိုခိုတောင်စွန်းထိပ်တွင် ကြိုးဖြင့် ချည်နှောင်ထားခဲ့ပါသည်။

၎င်းတောင်ထိပ်နေရာသည် ယခင်က စုန်း၊ ကဝေ၊ မှော်ပညာရှင်များနေထိုင်သည့် နေရာအဖြစ် နာမည်ကြီး ခဲ့ပြီး ၎င်းနေရာမှာပင် မင်းသမီးလေးနော်ဘူဘောကို သတ်လိုက်ကြပါတော့သည်။ မင်းသမီးလေး အသတ်ခံရ သည့်သတင်းကို ဖခင်ပင်လယ်ဘုရင် "သာကအူ" ကြားပြီး လွန်စွာဒေါသထွက်ကာ ဘုရင်ကြီးက စစ်သည်များစွာ နှင့်အတူ ဘွယ်ဟီခိုအရပ်ကို စစ်ထွက်တိုက်ပါတော့သည်။ နောက်ဆုံးဒေသတစ်ခုလုံး ပျက်စီးသွားကြပြီး မှော်အစွမ်း

တန်ခိုးများကြောင့် ကျောက်ရုပ်များအဖြစ်ပြောင်းလဲ သွားကြကာ လွှမ်းမောစရာဒဏ္ဍာရီလေး အဆုံးသတ်သွား ခဲ့ပါသည်။

ချောမောလှပပြီး အပြစ်ကင်းစင်သည့် မွေးရာပါ စွမ်းအင်များ ပိုင်ဆိုင်ကြသည့် နော်ဘူဘောနှင့် ခင်ပွန်းသည် စစ်သူကြီးတို့၏ လွှမ်းမောစရာ၊ အံ့သြစရာ ဒဏ္ဍာရီ တစ်ပုဒ်ကို ရာဇဝင်ထဲက တောင်တန်းများရှိသည့် ကရင် ပြည်နယ်၊ သံတောင်ကြီးမြို့သာမက၊ နိုင်ငံအနှံ့အပြားမှ ကရင်တိုင်းရင်းသားများ၏ အိပ်ရာဝင် ပုံပြင်အဖြစ် လက်ခံ နေဆဲပင်ဖြစ်သည်။

အလွန်သာယာလှပပြီး မြူနှင်းတိမ်ဆိုင်များဖုံးလွှမ်း အေးချမ်းနေသည့် ဘွယ်ဟီခိုအရပ် (ယခုသံတောင်၊ သံတောင်ကြီးမြို့နယ်)ကို ဗြိတိသျှလက်အောက်ခံကာလ တွင် အပန်းဖြေအနားယူစရာ တောင်စခန်းမြို့အဖြစ် သတ်မှတ် ခဲ့ကြပါသည်။

၁၉၉၅ခုနှစ်တွင် ဗိုင်းယာန်းနှစ်ခြင်းအသင်းတော် ဥက္ကဋ္ဌ၊ ဆရာတော် ဒေါက်တာ စောနေဘာလုက နော်ဘူဘော ဆုတောင်းတောင် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ကာ



**ကရင်ပြည်နယ် သံတောင်ကြီးမြို့မှ**

**နော်ဘူဘောဆုတောင်းတောင်**



**ကရင်ပြည်နယ် သံတောင်ကြီးမြို့မှ**

**နော်ဘူဘောဆုတောင်းတောင်**

ဒဏ္ဍာရီထဲက မင်းသမီးလေး နော်ဘူဘောအသတ်ခံရသည့် နေရာဟုယူဆရသည့် တောင်ထွတ်နေရာတွင် လက်ဝါးကပ်တိုင် စိုက်ထူရင်း ဆုတောင်းတောင်အဖြစ် သတ်မှတ်ခဲ့ပါသည်။

တောင်ခြေမှစ၍ တောင်ထိပ်ပိုင်းအထိ အမြင့်ပေ (၅၆၀)နှင့် လှေကားထစ်ပေါင်း ၃၇၄ထစ်ရှိပြီး တောင်တက်သည့် လှေခါးဘေးတွင် သီးသန့်ဆုတောင်းခန်းများ ဆောက်လုပ်ပေးထားပါသည်။

ဒဏ္ဍာရီပုံပြင်ထဲမှ အစွဲအလမ်းများ အယူအဆများ ပြည့်နှက်နေသည့် နော်ဘူဘောဆုတောင်း တောင်တက်လမ်းတစ်လျှောက် မြူနှင်းများစိမ်းစိုနေသည့် တောနက်ကြီးနှင့် စိမ်းရွှင်ရွှင်တောအနံ့များ၊ ငှက်နှင့်တောကောင်လေးများ၏ အော်သံများကြောင့် လူအများစိတ်ဝင်စားစရာ အေးချမ်းသည့် အရပ်အဖြစ် ခရီးသွားဧည့်များနှင့် စည်ကားလျက်ရှိနေပါတော့သည်။

## “ချင်းတိုင်းရင်းသားတို့၏ဘာသာရေးနှင့်ပတ်သက်သော အတိတ်နိမိတ်အယူအဆများ”

ချင်းအမျိုးသားများသည် ဝဋ်ကြွေလိုက်တတ်သည်ဟူသော အယူအဆကို လက်ခံထားကြသည်။ သူတစ်ပါး အရုပ်ဆိုးသည်ကိုကြည့်၍ ရယ်မိလျှင် မွေးသောကလေးများ အရုပ်ဆိုးတတ်သည်ဟု ယုံကြည်ကြသည်။ သူတစ်ပါး ဆင်းရဲသည်ကိုကြည့်၍ ဝမ်းသာအားရ ဖြစ်လျှင်လည်း မိမိသည်ဆင်းရဲတတ်သည်ဟု အယူရှိလေသည်။ မြေတွင်း၊ ကြွက်တွင်းများကို ပိတ်လျှင်သေခါနီး၌ အသက်ရှူမဖြစ်ပဲ အသေမြန်တတ်သည်ဟု အယူရှိကြသည်။

သူတစ်ပါးလင်မယား ရန်ဖြစ်သည့်အကြောင်း၊ မသင့်မတင့်ဖြစ်ကြသည့် အကြောင်းကိုပြောလျှင် မိမိတို့အချင်းချင်းလည်း မသင့်မတင့်ဖြစ်တတ်သည်ဟူ၍ အယူရှိကြသည်။ မုဆိုးမများ၊ မိဘမရှိသောကလေးများနှင့် သက်ကြီးရွယ်လွန်များကို စောင့်ရှောက်လျှင် နောင်အစဥ်ချမ်းသာရလိမ့်မည်ဟု အယူရှိကြသည်။

အသုဘအတွက် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ နွားနောက်များသတ်၍ နတ်ပသလျှင် ကျေးမွေးညှော့ခံလျှင် နွား၊

ကြက်၊ ဝက်နှင့် နွားနောက်တို့၏ ဝိညာဉ်သည် သေသူ၏ ဝိညာဉ်နောက်သို့ လိုက်သည်ဟု အယူရှိသည်။

မွေးဖွားပြီးခါစ ကလေး၏ချက်ကြိုးကို ခွေးများ၊ ကြောင်များစားသော် ပိုးကောင်ကိုက်သော် ကလေးဖျားနာ တတ်သည်ဟု အယူရှိသည်။ ကလေးနေမကောင်းသော် ယတြာချေသည့် သဘောဖြင့် ကလေးငယ်၏ နာမည်ကို ပြောင်းပေးလေ့ရှိသည်။

လျှောင်ပြင်းစွာလှုပ်သော် ရောဂါဘယ ထူပြောမည်ဟု အယူရှိကြသည်။ ရေးကလျှောင်လှုပ်လျှင် နတ်များကို ပသကြသည်။

အခါမဟုတ်ဘဲမိုးရွာသော် တိမ်တောက်ချိန်များသော် ရာသီဥတု ဖောက်ပြန်တတ်သည်။ သီးနှံစပါးပိုးဖျက်တတ် သည်ဟု အယူရှိကြသည်။ ထို့ကြောင့် ရေးအခါက အချိန်မဟုတ်ပဲ မိုးရွာလျှင် တိမ်နီတောက်ဖန်များလျှင် နတ်ဆရာ၏ အကူအညီဖြင့် နတ်ပသလေ့ရှိသည်။

ကျားစွယ်၊ ကျားရိုးများဆောင်လျှင် အမှောင့် ပယောဂ စုန်း၊ တစ္ဆေ၊ ကဝေများ မပူးမကပ်နိုင်ဟု အယူရှိ





သည်။ ထို့ကြောင့် ကလေးငယ်များအား ကျားရိုး၊ ကျားစွယ် များကို အဆောင်အဖြစ် ဝတ်ဆင်ပေးထားလေ့ရှိသည်။

ကျားသတ္တဝါ၌ နတ်ဆိုးများ အမြဲတွယ်ကပ်လျက် ရှိသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ကျားကိုပစ်၍ ရသော် ကျားခေါင်းကိုဖြစ်စေ၊ ကျား၏ ကိုယ်ခန္ဓာကို ဖြစ်စေ ရွာအတွင်းသို့ မယူဝံ့ပေ။ ဤကဲ့သို့ ကျားခေါင်းနှင့် ကျားကိုယ်ခန္ဓာကို ယူဆောင်ခဲ့သော် ရွာအတွင်းမှ လူအများနှင့် အိမ်မွေးတိရစ္ဆာန်များကို ကိုက်စားခြင်း၊ လက်စားချေခြင်း ပြုတတ်သည်ဟု အယူရှိသည်။ ထို့ကြောင့် ပွဲပြုလုပ်ပြီးမှသာလျှင်ကျားသေကို ရွာအတွင်းသို့ သွင်းလေ့ရှိသည်။

ဟားခါးနယ်တွင် နေထိုင်မကောင်းသော် ရေးအခါက ရွှံ့များဖြင့် ကျွဲရုပ်၊ နွားရုပ်၊ ကြက်ရုပ်၊ ဝက်ရုပ်၊ ပုတီးစေ့၊ မောင်းသဏ္ဍာန် ရွှံ့ရုပ်များပြုလုပ်၍ ရွာလမ်းများပေါ်တွင် ပစ်ထားတတ်သည်။ မကောင်းဆိုးဝါးနတ်၏ ဒေါသ အမျက်ကို ဖြေဖျောက်ရန်ဖြစ်သည်ဟု ဆိုသည်။ ဤသို့ ပြုလုပ်သော် နာဖျားခြင်းပျောက်မည်ဟု အယူရှိကြသည်။

မြွေများ မိတ်လိုက်နေသည်ကိုမြင်လျှင် လာဘ် မကောင်းဟု ယူဆကြသဖြင့် ယင်းအကြောင်းကို အခြားသူများအား ပြောပြလေ့မရှိကြချေ။ ဝက်ဝံများနှင့် သမင်၊ဒရယ်၊ ချေငယ်များကို ပစ်သောအခါ သစ်ကိုင်းများပေါ်တွင် တွယ်ကပ်၍ သေနေလျှင် မစားကောင်းဟု ယူဆကြသည်။ တောနတ်နှင့် ဆိုင်သောကြောင့် တောနတ်က မပေးလို၍ တောကောင် သမင်၊ ဒရယ်၊ ချေငယ်များကို ပြန်လည်ဖမ်းယူထားသည်ဟု အယူရှိကြလေသည်။

ပွီကိုင့်ဟုခေါ်သော ကြက်ဥမှုတ် ဗေဒင်ဆရာများကိုလည်း ချင်းရွာများတွင် တွေ့ရှိရသည်။ ယင်းဗေဒင်ဆရာများသည် နတ်နှင့်ဆိုင်ရာကိစ္စများနှင့် ရွာသူရွာသားများက လာရောက်မေးသည့် အလုပ်အကိုင်ကိစ္စ၊ သွားရေးလာရေးကိစ္စ၊ သာရေးနာရေးကိစ္စစသည်တို့တွင် ဗေဒင်ကြည့်ပေးသည်။ ဗေဒင်ဟောခမရလျှင် ပွီကိုင့်သည် လူမမာအတွက် တိရစ္ဆာန်များ ပူဇော်ပသသောအခါ ပေါင်တခြမ်းကို ရလေ့ရှိသည်။

ပလက်ဝ ချင်းအမျိုးသားများသည် ခရီးသွားလာရာတွင် နေ့ကောင်းရက်မြတ်ရွေးချယ်သော အလေ့အထများ မရှိသော်လည်း ခရီးထွက်၍ ခလုတ်တိုက်မိလျှင်၊ ပစ္စည်းတစ်ခုခု မေ့ကျန်ခဲ့လျှင်၊ မြွေကိုတွေ့လျှင် နိမိတ်မကောင်းဟု ယူဆကြသည်။ ခရီးသွားနေစဉ် သစ်တောက်ငှက်မြည်သံကို ကြားရသော် လမ်းခရီးတွင် အန္တရာယ်မှုချ ရှိသည်ဟု အယူရှိသည်။သစ်တောက်ငှက်သည်သစ်ပင်ကို တတောက်တောက် ခေါက်နေသံကြားရသော် နိမိတ်ကောင်းသည်၊ မကြာမီ ခေါင်ရည်သောက်ရတော့မည်ဟု ဝမ်းသာအားရ ဖြစ်ကြသည်။

အိမ်တွင်လည်းကောင်း၊ ရွာတွင်လည်းကောင်း၊ အိမ်အနီးသစ်ပင်တွင်လည်းကောင်း ပျားစွဲခဲ့သော် အဖျားအနာရောက်တတ်သည်ဟု အယူရှိသည်။ ပျားတုတ်ခံရသည်ဟု အိမ်မက်မက်လျှင်လည်း ဖျားနာတတ်သည်ဟု ယူဆကြသည်။ ယင်းအခါမျိုးတွင် အနက်ရောင်ရှိသော ကြက်မနှင့် ယတြာပြုကြသည်။ မွေးမြူထားသောကြောင်သည် အိမ်မှထွက်သွားလျှင်၊ မီးဖိုတွင် မှိုပေါက်လျှင် သေဘေးရောက်မည့်နိမိတ်ဟု အယူရှိသည်။ အိမ်နောက်ဖက်တံခါးမှ ငှက်ပျံထွက်ခဲ့လျှင် ခြေနှစ်ချောင်းထွက်တတ်

သည်။ အိမ်ရှေ့မှဝင်သော် လာဘ်ဝင်မည်။ ခွေးသည် အိမ်ခေါင်မိုးပေါ်တက်သော် သေဘေးရောက်အံ့။ နေအိမ်များတွင် မြွေတက်သော် ဘေးရောက်တတ်သည်။ တောင်ယာတွင် တောမျောက်များ ဝိုင်းပတ်၍ ကစားသည် ရှိသော် နိမိတ်မကောင်း။ ခြအုံတွင် မှိုပေါက်သော်ကောင်းသည်။ ချမ်းသာကြွယ်ဝသည်ဟု အယူရှိကြသည်။

ချင်းအမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ် မမှည့်သောအသီးကင်းများကို စားမိသော် မွေးဖွားချိန် မရောက်မီ ကလေးပျက်စီးတတ်သည်ဟု အယူရှိသည်။ ထို့ကြောင့် ချင်းအမျိုးသမီး ကိုယ်ဝန်ဆောင်များသည် အသီးကင်းများကို စားခြင်းမှ ရှောင်ကြဥ်ကြသည်။

မျောက်သားစားသော် ကလေးငယ်များ မျောက်ကဲ့သို့ အငြိမ်မနေ ဆော့တတ်သည်ဟု အယူရှိပြီး ကိုယ်ဝန်ဆောင်များသည် မျောက်သားစားခြင်းမှ ရှောင်ကြဉ်ကြသည်။ မြွေသားစားခဲ့သော် ကလေးငယ်များသည် မြွေကဲ့သို့ လျှာခဏခဏ ထုတ်တတ်သည်ဟု အယူရှိသည်။

ရေစီးသော မြစ်၊ ချောင်းများကို ဖြတ်ကူးသော ကလေးငယ်၏လိပ်ပြာသည် ရေစီးနှင့်ပါ၍ ကလေးငယ်သည် ဝမ်းတွင်း၌ပင် သေကြေပျက်စီးတတ်သည်ဟု အယူရှိသည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်များသည် မြစ်ချောင်းများကို ဖြတ်ကူးခြင်းမှ ရှောင်ကြဉ်ကြသည်။

ပလက်ဝနယ်မှ ခမီ၊ အနူး၊ ခေါင်စို၊ ပနမ်းတို့သည် သင်္ချိုင်းမှပစ္စည်းများနှင့် မီးမဖွားနိုင်၍ သေသောနေအိမ်မှ ပစ္စည်းများကို မသုံးပဲ ရှောင်ကြဉ်ကြသည်။ ရွာများတွင် လည်းကောင်း၊ တောင်ယာတွင်လည်းကောင်း အရေးကြီး ကိစ္စတစ်ခုခုရှိလျှင် ခုံးကာများ စိုက်ထားလေ့ရှိသည်။ ခုံးကာဆိုသည်မှာ ဝါးခြမ်းပြားကို ပေါင်းမိုးကဲ့သို့ ပြုလုပ်ထားခြင်းကိုခေါ်သည်။ ခုံးကာကို ကလေးရောဂါရ၍ နတ်စာကျွေးသောအခါတွင်ထိုးသည်။ တောတိရစ္ဆာန်များကို တုံးဖိထောင်ထားသည့် အခါများတွင်လည်း ထိုးသည်။ တောင်ယာမီးရှို့သည့်အခါတွင်လည်းထိုးသည်။ ဤအခါများတွင် ဧည့်သည်များမဝင်ရ၊ ဧည့်သည်များသည် အိမ်ပြင်မှနေ၍ "ဘာအခင်းပါလဲ၊ ရွာအခင်းလား၊ တောင်ယာအခင်းလား၊ အမဲအခင်းလား၊ အခင်းဖွင့်သည့်အခါ အိမ်ပေါ်သို့ တက်ချင်ပါသည်"ဟု ပြောရသည်။

ခုံးကာထိုးထားလျှက် ဝင်ခဲ့သည်ရှိသော် အရေးအခင်း ပျက်သည့်အတွက် ကုန်ကျသည့် တန်ဖိုးအလျောက် လျော်ကြေးများပေးရသည်။

မင်းတပ်မြို့နယ်ရှိ မကန်းချင်းတို့နှင့် ပလက်ဝမြို့နယ်ရှိ ချင်းအမျိုးသားတို့၏ အိမ်များတွင် နွား၊ ကျွဲ၊ ခွေးနှင့် ဆိတ် တို့၏ ခေါင်းခွံများကို ချိတ်ဆွဲထားသော အခန်းတစ်ခန်း ရှိသည်။ တခါတရံလည်း ချိတ်ဆွဲထားခြင်းမရှိပေ။ ထိုအခန်းသည် ရိုးရာအလျောက် အထွတ်အမြတ် ပစ္စည်း များကို ထားသိုသည့် အခန်းဖြစ်သဖြင့် ဧည့်သည်များ ဝင်ရောက်ခွင့်မရှိပေ။ အကယ်၍ ဝင်မိသည်ရှိသော် နတ်မကြိုက်သဖြင့် ဝက်တစ်ကောင် အလျော်ပေးရသည်။ ဤအခန်းတွင်းသို့ ဝင်မိလျှင် မိတ်ဆွေပျက်တတ်သည်။ အိမ်၏ ဒေါင့်ဖက်ခပ်ကျကျတွင်ထားသော ဖိုခနောက်များ ကိုလည်း ဧည့်သည်များ မလှည့်ရပေ။ လှည့်မိလျှင်များစွာ စိတ်ဆိုးတတ်၍ ဝက်သွေး၊ ခွေးသွေးဖြင့် လျော်ရသည်။ မလျော်လျှင် အိမ်ပေါ်မှဆင်းခွင့်မပေးပေ၊ ချက်ချင်းလျော် ရသည်။ ဓား၊ သေနတ်များဖြင့်လည်း တစ်စုံတစ်ယောက်အား ခုတ်မည်၊ ပစ်မည်ဟု မရွယ်ရ။ ရွယ်မိသော် ဝက်ကလေး တစ်ကောင်ပေးရသည်။ အမဲလိုက်သည့်အခါ သို့မဟုတ်

တောသွားနေစဉ်အခါတွင် ကျားကိုဖြစ်စေ၊ မည်သည့် သတ္တဝါကိုဖြစ်စေ မကြောက်ပါဟု ပြောဆိုခြင်းများမပြုရ၊ ပြောဆိုလျှင် အန္တရာယ်နှင့် ရင်ဆိုင်တွေ့ရတတ်သည်ဟု ယုံကြည်ကြသည်။

မရာနှင့် ကလင်ကော့(လူရှေ) အမျိုးသားများလည်း တောလည်ထွက်လျှင် ချောင်း၊ မြောင်း၊ အင်းအိုင်များ အနီး၌ မတ်တပ်ရပ်၍ အပေါ့မစွန့်ရပေ။ နတ်ဖမ်းစားတတ် သည်ဟု အယူရှိသည်။ အိမ်ပြန်မရောက်မချင်းလည်း ဆံထုံးကိုမဖြေရ၊ နတ်မကြိုက်ဟုဆိုသည်။ မိန်းမများ အမဲလိုက်ခြင်းကိုလည်း နတ်များမကြိုက်၊ မိန်းမများသည် ကျားကိုက်ထားသော အသားများ၊ စွန်ချီလာသော အကောင်များကို မစားကြရ။ စားလျှင်ဖောရောင်တတ် သည်ဟုဆိုသည်။ ယောကျ်ားများလည်း ကျားကိုက်၊ စွန်ချီ လာသော အသားများကို စားလိုက တောထဲ၌သာ စားရသည်။ အိမ်သို့ယူဆောင်မလာရပေ။

မိုးဦးကျ ပထမဆုံးမိုးရွာလျှင် မည်သူမျှ အလုပ် မဆင်းဘဲ သီးနှံများအောင်မြင်ရန်အတွက် အိမ်တွင်းမှာသာ နေရသည်။ တောထဲတွင် ကျောက်တုံးနှင့် သစ်ပင်ကြီးများကို

ငယ်သည်ဟူ၍မပြောရ။ နတ်များမကြိုက်၍ ဖျားနာတတ်သည်ဟု အယူရှိသည်။ အိမ်သစ်တက်ပြီးနောက် လေးရက်၊ ငါးရက်အတွင်း အိမ်ပေါ်တွင် ထမင်းဟင်းချက်ပြုတ်ခြင်း မပြုရ။ အိမ်ရှေ့တွင်သာ ချက်ပြုတ်ရသည်။ မလိုက်နာသော် အိမ်ပျက်စီးတတ်သည်ဟု အယူရှိသည်။ နယုန်လ(စီပါ) တွင် လက်ထပ်ထိမ်းမြားခြင်းမပြုရ၊ ကြက်မတွန်လျှင် မုဒိန်းမှု ဖြစ်တတ်သည်ဟု ဆိုသည်။

ခမီ၊ အနူး၊ ခေါင်စို၊ ပနမ်းတို့တွင် အိမ်များဆောက်သော အခါ သစ်များကို အထူးရွေးချယ် သုံးစွဲတတ်ကြသည်။ ရှောင်အပ်သော သစ်များတွင် သစ်နွယ်လိပ်ကို အိမ်မဆောက်ရ၊ သစ်ခမောက်ခေါ် ဖိုခနောက်သဖွယ် သုံးပင်ခွနေသောသစ်ကို အိမ်မဆောက်ရ၊ သစ်ပင်ကို လှဲရာတွင် ချောင်းကိုဖြတ်၍ ကျသွားသော သစ်ကိုလည်း မသုံးရ၊ တစ်ပင်ကနှစ်ပင်ခွနေသော ညီနောင်ကိုလည်း မသုံးရ၊ ဘောင်တွယ်သစ်၊ ပျားတွယ်သစ်များကိုလည်း မသုံးရ၊ အိမ်တိုင်ကို တွင်းထဲစိုက်စဉ် အိမ်တိုင်ချင်းမထိရ၊ တောင်ပို့နေရာ၊ မြေတွင်းများရှိသောနေရာများတွင်လည်း အိမ်မဆောက်ရ၊ ဖြူတွင်းရှိသော နေရာတွင်လည်း မဆောက်ရ၊ စရပ်တိုင်၊ တန်တား တိုင်သစ်များကိုလည်း

အိမ်တွင်မသုံးရဟူသောအရောင်များရှိသည်။ ဤအရောင်များသည် အိမ်၏ မင်္ဂလာအတွက် ရှောင်ကြဉ်ရခြင်းဖြစ်သည်။ မရှောင်သော် ဘေးဥပဒ်အန္တရာယ် ဖြစ်တတ်သည်။ စီးပွားပျက်တတ်သည်ဟု အယူရှိကြပါသည်။

# တနင်္သာရီရိုးရာခေါသရပ်ပွဲတော်

ခေါသရပ်ပွဲတော်သည် တနင်္သာရီမြို့ စတင်တည်ထောင်စဉ်ကတည်းက ကျင်းပလာခဲ့သဖြင့် နှစ်ပေါင်းထောင်ချီ တည်တံ့နေသော တနင်္သာရီမြို့၏ ဒေသရိုးရာပွဲတော်တစ်ခုဟု ဆိုနိုင်ပေသည်။ နှစ်စဉ် တော်သလင်းလပြည့်ကျော်(၄)ရက်နေ့ ရောက်လျှင် တနင်္သာရီမြို့နယ်အတွင်းတွင် ပွဲတော်နေ့အသွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပကြသည်။ တနင်္သာရီမြို့တည်တံ့ရာမှ အစပြု၍ ယနေ့တိုင် တည်တံ့နေသော ရိုးရာဓလေ့ ခေါသရပ်ပွဲတော်သည် ထားဝယ်ဒေသဝန်းကျင်မှလွဲ၍ တနင်္သာရီမြို့နယ်မှသည် မြိတ်၊ ပုလော၊ ကျွန်းစု၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်များ အထိပါ ကျင်းပကြပါသည်။ တနင်္သာရီမြို့တည်စဉ်က ကူညီစောင့်ရှောက်ခဲ့ကြသော နတ်၊ နဂါး၊ နာနာဘာဝ၊ ဖုတ်၊ ပြိတ္တာ၊ သရဲ၊ တစ္ဆေများစသော မကျွတ်မလွတ်သေးသည့် သင်္ဂဟများကို ခေါ်စာကျွေးမွေး၍ အလှူလုပ်ပေး၊ အမျှဝေခြင်း ပြုလုပ်သည့် နေ့တစ်နေ့ပင်ဖြစ်သည်။

ခေါသရပ်မုန့်ဆိုသည်မှာ တနင်္သာရီမြို့၏ အထင်ကရ ရိုးရာပွဲတော်နေ့ တစ်ခုဖြစ်သော ခေါသရပ်နေ့အတွက် ပြုလုပ်ကြသည့် ဒေသ၏ရာသီ အစားအစာ သရေစာမုန့်တစ်မျိုးပင် ဖြစ်ပါသည်။

ခေါသရပ်မုန့် ပြုလုပ်ရာတွင် ကောက်ညှင်းချိတ် (ကောက်ညှင်းမဲ)၊ ကောက်ညှင်းအဖြူတွင် သကြား(သို့) ခဲသကြား၊ ဆား၊ နှမ်း၊ အုန်းနို့အရည်၊ ရေနှင့် သမအောင် ရောထိုးရသော ထိုးမုန့်တစ်မျိုးပင်ဖြစ်သည်။ မြေပဲနှင့် အုန်းသီးစိတ်အကြော်များကို ရောထည့်ကြသည်ကိုလည်း တွေ့ရသည်။ ထိုသို့ပြုလုပ်ရာတွင် ပထမဦးစွာ ကောက်ညှင်းအမဲ နို့ဆီဗူး(၂)ဗူးလျှင် ကောက်ညှင်း အဖြူ နို့ဆီဗူး (၁)ဗူး ထည့်ရော၍ ရေဖြင့် ပေါင်းရသည်။ ထိုသို့ပေါင်းရာတွင် တအားပြဲ တအားကျက်အောင် မပေါင်းရပါ။ သင့်တော်သလို အုန်းနို့အရည်ကို ချိန်ဆ၍ အရင်ခံမ်းအောင်အပူပေး တည်ရသည်။ အုန်းနို့ကိုင်ရာ တွင်လည်း အဆိမ့်အရသာ ရရန်အတွက် ဆားအသင့် အတင့် ထည့်ပေးရသည်။ ကောက်ညှင်းလည်းပေါင်းပြီး အုန်းနို့အရည်လည်း ခမ်းလာပြီဆိုလျှင် သကြားထည့်၍ ပေါင်းရုံရောသမမွှေ ထိုးပေးရသည်။ ထိုသို့မွှေထိုးနေရင်း အသင့်လှော်ထားသော မြေပဲနှင့်နှမ်းကို ထည့်ပေးရသည်။ ကျက်ခါနီးပြီဆိုလျှင် ဆီအနည်းငယ် ထည့်ပေး၍ ကြွပ်နေ အောင်ထိုးမွှေပေးရသည်။ ပါးပါးလှီး၍ ကြော်ထားသော အုန်းသီးကို ထိုးမုန့်ပေါ်ဖြူးလိုက်လျှင် အလွန်မွှေး၊ အလွန် အရသာနှင့်ပြည့်စုံသော အဆင်းရနံ့များစွာဖြင့် ရာသီစာ ခေါသရပ်မုန့်ကို ရရှိပေမည်။





**တနင်္ဂရီရိုးရာရာသီစာခေါ်သရပ်မုန့်**



**ဆရာတော်၊ သံဃာတော်များအား ခေါ်သရပ်မုန့်မျိုးစုံ လောင်းလှူခြင်း**




**တနင်္သာရီရိုးရာယဉ်ကျေးမှု ခေါသရပ်ပွဲတော်**



**တနင်္သာရီရိုးရာယဉ်ကျေးမှုခေါသရပ်ပွဲတော်မြင်ကွင်း**

## တနသ်ာရီခေါသရပ်ရာဇဝင်

ဘုရားရှင်မပွင့်ပေါ်ခင်က လူအများသည် ရသေ့များကို အားကိုးအားထားကြရသည်။ သမန္တကုဋ္ဌေစက်တော်ရာတောင်၏ အနောက်ဘက်ပင်လယ် သမုဒ္ဒရာအစပ်မရောက်မီ ထောင့်ကွယ် ရမ္မာဝတီမည်သောနေရာတွင် ရှေးဟောင်းမြို့ပြများ ရှိခဲ့ဖူးသည်။ ယင်းကောသမ္ဗီရမ္မာဝတီမြို့တော်မှ မင်း၏သားတော်နှင့်မင်းဆရာပုရောဟိတ်တို့၏ သားတော်များမှာ အလွန်ချစ်ခင်သော ဖွားဖက်တော်များဖြစ်ကြ၏။ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ ခက်ခဲစွာ ပညာတော်သင်သွားကြ၏။

ပညာပြည့်စုံသော် ပြည်တော်ပြန်၍ မင်း၏သားမှာ ဥပရာဇာအိမ်ရှေ့မင်းဖြစ်လာ၏။ မင်းကြီးလွန်သော် ဥပရာဇာအိမ်ရှေ့မင်းမှာ ဘုရင်ဖြစ်လေ၏။ ပုရောဟိတ်ကြီးမှာ နန်းတွင်းကိစ္စရပ်များအတွက် မင်းဆရာတင်မြှောက်သော်လည်း ရသေ့ဝတ်၍ ကမ္ဘာပတ်လုံးအသက်ရှည်ကြောင်း အကျင့်ကျင့်ရန် အတွက်သာ

အားသန်သည်ဖြစ်၍ မင်းထံခွင့်ပန်ကာ ရသေ့ဝတ်၍ တောသို့ဝင်၏။

ခုနှစ်နှစ်ခန့်ကြာပြီးနောက် ရသေ့မှာ မင်းကြီးထံ ကြွလာ၍ မင်းမှာ များစွာဝမ်းမြောက်၏။ အလိုရှိရာ မိန့်ကြားပါရန် ရသေ့ကြီးအားလျှောက်ရာ ရသေ့ကြီးမှ မင်းကြီးအား နှစ်ယောက်အတူ အထူးလျှို့ဝှက်သော "ထုံကူး"မည့်ကိစ္စကိုပြောရာ မင်းကြီးလည်း သဘော တူကာ ထုံကူးမည့်နေရာသို့ ကြွလိုက်၏။ "ထုံကူး" ခြင်းသည် အသက်အရွယ်ကို နောက်သို့ပြန်ဆုတ်ခြင်း၊ တန်ခိုးဣဒ္ဓိပါဒ်များရခြင်းတို့ကို ပြုလုပ်ရသော အစီအရင် ပင်ဖြစ်သည်။ ရသေ့ကြီးက အစီအစဉ်အသေးစိတ်ကို မင်းကြီးအားပြောပြသည်။ "ထုံကူး" ရာတွင် အနှောက် အယှက်များဝင်တတ်သဖြင့် ကြိမ်ဖန်များစွာမှာကြားသော် မင်းကြီးလည်း ကတိအထပ်ထပ်ပြုကာ "ထုံကူး" ခြင်းကို ပြုလေ၏။

ပထမဦးစွာ သံဃဋမည်သော အိုးကြီးကို ဖိုခလောက်ပေါ်တင်ကာ ရေအပြည့်ဖြည့်ပြီး ရသေ့ကြီးက ဃဋအတွင်းဝယ် နေစဉ်အခိုက် မင်းကြီးက ရသေ့ကြီး

ပေးထားသော ဆေးသုံးလုံးမှ တစ်လုံးကို အိုးအတွင်း ပစ်ထည့်လိုက်ရာ ဃဋအိုးကြီးမှ ရေတို့ အဟုန်ပြင်းစွာ ဆူပွက်လာပြီး ရသေ့ကြီး ပျော်ဝင်သွားပြီး ရေအသွင်ဖြစ် သွားသည်ကို မင်းကြီးမှာ ပြင်းစွာ အံ့ဩတုန်လှုပ်၏။ ဒုတိယမြောက်နေ့တွင် ဒုတိယဆေးလုံးကို ဃဋအိုးကြီး အတွင်းသို့ ပစ်ထည့်လိုက်ရာ ပွက်ပွက်ဆူနေသော ရေတို့သည် ချက်ချင်းအေးခဲလာပြီး ရသေ့ကြီး တစ်ဦးအသွင် ရွှေဝါရောင် အရည်များဖြင့် ဖွဲ့ကာစည်းကာ ရွှေရသေ့ရုပ်တုကြီးပမာ ချက်ချင်း ပြောင်းလဲသွားသည်ကို အံ့ဖွယ်ဘနန်း ထပ်မံ မြင်တွေ့ရသဖြင့် တတိယရက်၌ တတိယဆေးလုံး ထည့်လျှင် မည်သို့မည်ပုံဖြစ်မည်ကို တွေးမိလာ၏။

တတိရက်မြောက်၌ တတိယဆေးလုံးကို ထည့်လိုက်လျှင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရွှေရောင်ရသေ့ကြီး ခုန်ထွက်လာမည်။ တန်ခိုးကြီးမားသူ ဖြစ်၍ မိမိထီးနန်းကို သြဇာခံပြုထားလျှင် မိမိမျိုးနွယ်စု များမှာ သက်ဦးစံပိုင်စနစ်မှ လျှောကျရမည်။ စသည်ဖြင့် မကောင်းသောအတွေးပေါင်းစုံ ဝင်လာပြီး မင်းကြီးမှ ယင်းအတွေးကို ဖယ်ထုတ်သော်လည်း အံ့ဩခြင်း၊

စိုးရိမ်ခြင်းတို့ကြောင့် တတိယဆေးလုံးကို ဃဋ္ဋဆေးအိုး ကြီးထဲ မထည့်တော့ဘဲ နန်းတော်သို့ပြန်၏။

ရသေ့ကြီးမှာ ကြီးစွာသော ဒုက္ခဖြစ်စဉ်ဖြင့် ထိုကူးသည့်ကိစ္စ အမှောင့်ပယောဂ ဖြစ်ရသည်ကို မိမိ၏ တပည့်တစ်ဦးအား ဆေးဖော်နည်းကိုပါ အိမ်မက်အသွင် ပြော၍ အကူအညီတောင်း၏။ ထိုတပည့်ကျော် ကူညီသည့် တတိယဆေးလုံးဖြင့် ရွှေရောင်ရသေ့ကြီးသည် ပေါ့ပါး သွက်လက်စွာ ပြန်ထွက်လာခဲ့သည်။ ရသေ့ကြီးလည်း ထိုဃဋ္ဋအိုးကြီးကို မှောက်လေသောခဏ၌ မင်းနှင့်ပြည် တို့သည် ပျက်စီးကြလေ၏။ ရသေ့ကြီးဃဋ္ဋအိုးကြီး မှောက်ခဲ့သည့်နေရာကို ဒယ်အိုးကုန်းဟုခေါ်၏။ ဤအနီး အနား တောင်စောင်းတစ်ဝိုက်တွင် သံချက်ဖိုများအသွင် တို့ပျက်စီးနေကြသည်။ ရှေးအခါက ယင်းဘက်မှ တောနက်များသည် ကျက်တီးကုန်းသဖွယ် အလွန်ပင် မြေကြမ်းသည့် နေရာတစ်ချို့ ဖြစ်ခဲ့သည်။

သာသနာနှစ် ၈၂၀ တွင် တနင်္သာရီတွင် ထီးနန်း စံသော ကောရမ္ဗမင်းဆက်မှ မဟာဗြမ္မဒ္ဒရီ မည်သော မင်းသည် ထီးနန်းအတွင်းတွင် ပြင်းစွာနာဖျားလေ၏။

နန်းတော်အတွင်း၌လည်း ခြောက်ခြား၏။ နန်းတော် အနောက်တောင်ထောင့် ရှေးမင်းတို့သင်္ချိုင်းမှ အရိပ်ရှည်သော ပုံရိပ်တို့ နေဝင်သည်နှင့် ထလေသည်ကို မြင်ရသဖြင့် ပြည်သူပြည်သားတို့လည်း မည်သို့သော အကြောင်းမသိ သဖြင့် စိုးရိမ်ပူပန်ကြ၏။ မင်းကြီးသည် ထီးနန်းအတွက် အဓိပတိဖြစ်သည်။ တိုင်းပြည်၏ အထွတ်အထိပ်ဖြစ်သည်။ မြေစာကျွေးရန်နှင့် မင်းကြီး ကျန်းမာလာစေရန် သမား တော်ကြီးများက အစွမ်းထက်သော ဆေးဖုံတော်များ စီမံရာတွင် ခြင်္သေ့ဖြူဆီ လိုအပ်ပါသည်။ တိုင်းပြည်အတွင်း၌ မည်သို့မျှ ရှာကြံရန်မရနိုင်သဖြင့် သားတော်ကြီးမဟာ ဥပရာ ဇာမင်းသားက မိမိခမည်းတော်အတွက် ကျေးဇူးဆပ်ရန် ဝမ်းမြောက်ဝမ်းသာတာဝန်ယူ၍ ခါမလင့်မီ တောကြီးသို့ ဝင်၏။

မုဆိုးကျော်တို့ အဆင့်ဆင့်ညွှန်ပြ၍ ခြင်္သေ့ဖြူ ရှိသော ရသေ့ကြီးထံကူးပြီး ပြည်ဖျက်ခဲ့သော ကြမ်းထော်သည့် မြေကြမ်းနေရာသို့ ရောက်ရ၏။ နေ့စံညခံအသူရကာယ်များ၊ ပြိတ္တာများ၊ နတ်နဂါးများကို အဆင့်ဆင့်တွေ့သော် ဘဝ ဟောင်းများစွာက ဆွေမျိုးများဖြစ်၍ ကူညီကြလေ၏။ သူတို့ကူညီမှုဖြင့် ခြင်္သေ့ဖြူကြီးရှိရာ ဂူသို့ရောက်ပြီး

ခြသေ့်ဖြူအဆီကို ရယူကာ သိင်္ဂီရွှေခွက်ဖြင့်ထည့်ပြီး ပြည်တော်ပြန်ရာ အဆင့်ဆင့်ပြန်လာခဲ့ပေသည်။

ပြန်လာသည့်ခရီးစဉ် အဆင့်ဆင့်တွင် မူလတွေ့ခဲ့သည့်ပုဂ္ဂိုလ်တို့ကို တွေ့ရှိခဲ့လေသည်။ မင်းသားက ကျေးဇူးရှိသဖြင့် အလိုရှိသည်များကိုမေးရာ ယင်းပုဂ္ဂိုလ်များက ထောပတ်၊ ဆီထွေး၊ နှမ်း၊ ပဲတို့ဖြင့် ပြုလုပ်အပ်သော မုန့်များကို ဆာလောင်တိုင်း စားသောက်နိုင်ရန် စီမံပေးပါရန် မင်းသားအား ပြောကြားရာ မင်းသားမှ ကတိပြုပြီး နေပြည်တော်ကို သာသနာနှစ် ၉၂၁ တော်သလင်း လပြည့်ကျော် (၁) ရက်နေ့ရောက်၏။ ခြသေ့်ဖြူအဆီရ၍ မြေစာကျွေးခြင်းနှင့် မင်းကြီးအား ဆေးဖုံဖော်စပ်ကာ ဆက်လေသော် မင်းကြီးသည် သက်သာခြင်းသို့ရောက်၏။ အတိတ်ဘဝများက ဆွေမျိုးစုများ အခြေအနေကို လျှောက်ထားရာ မင်းကြီးသည် ချက်ချင်းပင် အမိန့်ထုတ်ပြန်စေပြီး တော်သလင်းလပြည့်ကျော် (၄)ရက်နေ့တွင် နိုင်ငံတော်အခင်းအကျင်းဖြင့် အကျွတ်အလွတ်ပွဲ တစ်မျိုးဖြစ်သော "ခေါ်စာရပ်" သည့်ပွဲဖြစ်သည့် ခေါသရပ်ပွဲကို စတင်ကျင်းပလေရာ တနင်္သာရီမင်း အဆက်ဆက်တို့ ထိန်းသိမ်းကြသဖြင့် ယနေ့ခေတ်တိုင်တည်လေ၏။

ခေါသရပ်သည် ထိုင်းရိုးရာဓလေ့မဟုတ်ပါ။ အပြင်ပန်း လေ့လာကြည့်လျှင် တော်သလင်းလပြည့်နေ့တွင် ထိုင်းတို့ ကျင်းပသော "တောင်သာရိုင်း" ဟူသော သေဆုံးသွားသူများကို ရည်မှန်းကာ ကန်တော့ကုသိုလ်ပြုသော ထိုင်းပွဲနှင့် တော်သလင်းလပြည့်ကျော် လေးရက် နေ့၌ကျင်းပသော တနင်္သာရီခေါသရပ်မှာ တူသယောင် ဖြစ်သော်လည်း "ခေါသရပ်" ဟူသော ဝေါဟာရသည် ထိုင်း၌မရှိ။ ထိုင်းအဘိဓာန်တွင်လည်း မတွေ့ရပါ။ ခေါသရပ်သမိုင်းကို ဝေါဟာရသမိုင်းနှင့် ဆက်စပ်၍ တနင်္သာရီသား ဒေါက်တာနွေရွှမ်းဦး၏ ခေါသရပ်ရှင်းတမ်း အကျဉ်းကို အောက်ပါအတိုင်း ထပ်ဆင့်ရှင်းလင်းရပါ သည်။

ခေါသရပ်ဟူသော ဝေါဟာရသည် မြန်မာ့ ဝေါဟာရ ဒေသစကားလုံးဖြစ်ပြီး၊ တနင်္သာရီကိုယ်ပိုင် ရိုးရာဓလေ့ စစ်စစ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ "ခေါ" သည်ခေါပစ်ခြင်း၊ ခေါစာကျွေးခြင်း အဓိပ္ပာယ်ဖြစ်ပြီး ခေါစာကျွေးရန်အတွက် အလှူရပ်ခံသည်ဟု အဓိပ္ပာယ် ရပါသည်။

"ခေါစာရပ်"သည်ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဟုမှတ်ယူနိုင်သည်။ ရှေးအခါ ကခေါသရပ်နေ့ အဖိတ်ညများတွင် ရွာစဉ်အိမ်စဉ် တစ်လျှောက် ခေါစာမုန့်များကို အလှူရပ်ခံ၍ အလှူလုပ် အမျှဝေခဲ့ကြသည့် ဓလေ့ဖြစ်သည်။ စာမှ "သ"အက္ခရာအစား ဝင်လာပြီး "ခေါစာရပ်"မှ ကာလကြာသော် "ခေါသရပ်" ဖြစ်လာခြင်းသာဖြစ်သည်။ ဒေသတွင် ထိုစကားလုံး၊ ထိုရိုးရာကို ထိုင်းမှ ဆင်းသက်လာသည်ဟူ၍ တွေးထင်သူကများသည်။ ထို့ကြောင့် ထိုင်းဘာသာစကားသိ နားလည်သူများနှင့် တွေ့ဆုံပြီး"ခေါ"ဟူသော စကားလုံးသည် ထိုင်းစကားလုံးများတွင် ဆက်နွယ်မှု ရှိ/မရှိမေးမြန်းခဲ့သည်။ "ခေါ" ဟူသော စကားလုံးသည် သူတို့ဘာသာစကားတွင် ခေါခိုင်၊ ခေါခွပ်၊ ခေါခွိုင်၊ ခေါခွန်၊ ခေါရစန်း စသော "ခ" အသံကို ကိုယ်စားပြုသော အက္ခရာများရှိပြီး ထိုစကားလုံးနှင့် အသံတူ နိုင်ချေရှိသော "ခေါ (ခွန်)" စကားလုံးရှိပြီး သီးသန့် တစ်လုံးတည်းသုံးလေ့မရှိပါ။

ဥပမာ-(၁) ခေါဘ် ခေါ မားခ် အထူးကျေးဇူးတင်ပါတယ်။ (၂) ခေါဖီ ဖာချဲဒ်နားမိုင်၊ ခင်ဗျားမှာ လက်ကိုင်ပုဝါရှိပါသလား။ (၃) ခေါဟိဝ်မိုင်၊ ခင်ဗျား

ဗိုက်ဆာနေပြီလား။ (၄) ခေါ ခေါင့် ကျိုင်ဖစ်ဒ်၊ ခင်ဗျား မှားနေပြီ စသဖြင့် "ခေါ"ကို Personal Pronouns(သင်၊ မင်း၊ ခင်ဗျား၊ ဦး၊ ဒေါ်နှင့် အမည်နာမကို မသိသော အခါများ၌ နာမ်စားစကားလုံး တစ်ခုဖြင့်သာ သုံးသည် ဟုလေ့လာ သိရှိရသည်။ "ခေါ = ခေါစာပစ်ခြင်း" ဟူ၍ အဓိပ္ပါယ်တူ အသံထွက် ယူထားခြင်းမျိုးလည်း မဟုတ်ကြောင်း သိသာထင်ရှား လှပေသည်။ တနင်္သာရီ ဒေသတွင်အသုံးပြုသော ခေါသရပ်(ခေါစာရပ်)နှင့် ဆင်တူသော စကားလုံးကို ထိုင်းဘာသာစကားတွင် သီးသန့်မတွေ့ရပေ။ ထို့ကြောင့်ကိုယ့်ဒေသ၊ ကိုယ့်ရိုးရာကို သူများဓလေ့၊ သူများအစားအစာအဖြစ် တလွဲမမှတ်ယူ သင့်ကြောင်း သိရပေမည်။ တနင်္သာရီရိုးရာယဉ်ကျေးမှု ပွဲတော်ဖြစ်သော ခေါသရပ်ပွဲတော်သည် အသား သတ်ဖြတ် ခေါပစ်ခြင်းဓလေ့မဟုတ်ဘဲ ခေါသရပ်မုန့်မျိုးစုံ လုပ်၍ ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကိုလှူဒါန်းပြီး အလှူပြုလုပ်အမျှဝေပွဲမျိုးသာ ဖြစ်သဖြင့် ကုသိုလ်ဖြစ်မှုကိုသာ ဦးတည်သည့်ကုသိုလ်ပြုပွဲ ဓလေ့ လည်းဖြစ်သည်။ ထို့အပြင် သမိုင်း၊ ရာဇဝင်နှင့် ချစ်စရာ ဓလေ့အငွေ့အသက်များပါသော တနင်္သာရီရိုးရာ ရာသီစာ

ခေါသရပ်မုန့်၏ အရသာထူးကဲပုံကို ဒေသသို့ အလည်လာ ရောက်သူများသို့ မိတ်ဆက်ပေးနိုင်ရန် လိုအပ်ပေသည်။ ခေါသရပ်ပွဲတော်ကို တနင်္သာရီကိုယ်ပိုင် ယဉ်ကျေးမှု အဖြစ် သိရှိနားလည်လျက် နောက်ထပ် နှစ်ပေါင်းများစွာ ရှင်သန် နေအောင် ထပ်ဆင့်စောင့်ရှောက်၍ ဆက်လက် ကျင်းပသင့် ပေသည်။

"ခေါသရပ်" ခလေ့သည် မဟာပြမုဒ္ဒရီမင်း လက်ထက်မှ ဆင်းသက်လာခဲ့ပေရာ ယခုအခါ သာသနာ ၂၅၆၅တွင် (၉၅၃)နှစ် ရှိခဲ့ပြီဖြစ်သည်။ တနင်္သာရီ ပြည်၏ ရှည်လျားသောသမိုင်းရာဇဝင်အရ ကျင်းပလာသော ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ခေါသရပ်ပွဲတော်သည် ယနေ့တိုင် ထားဝယ်ဒေသမှလွဲ၍ တနင်္သာရီ၊ မြိတ်၊ ပုလော၊ ကျွန်းစု၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်များ တွင်ပါ ကုသိုလ်ပြု ကျင်းပကြရာ တနင်္သာရီမင်းနှင့် ပြည်သူတို့၏ ကောင်းမြတ်သော အမွေအနှစ်ပင် ဖြစ်ပါ သည်။

# ထိုးကွင်းမင်ကြောင်ထိုးခြင်းနှင့် မွန်အမျိုးသားတို့၏ ထိုးကွင်းထိုးခြင်းဓလေ့

လူ၏ ကိုယ်အရေပြားပေါ်တွင် စွဲမြဲစွာထင်နေစေရန် တုတ်၊ ဆူးချွန် အစရှိသောအရာများဖြင့် ဆေးရောင်သွင်းကာ အရုပ်များ အမှတ်အသားနှင့် ပန်းကနုတ် အစရှိသော အလှအပများ ထိုးနှံထားခြင်းကို မင်ကြောင်ထိုးသည်ဟု ခေါ်ဝေါ်ကြသည်။ အချို့က ထိုးကွင်းထိုးခြင်း အလေ့အထသည် ပေါ်လီနီးရှင်း လူမျိုးများက စတင်ခဲ့၍ ၎င်းလူမျိုးတို့၏ ဘာသာစကား Ta Tau မှ Tattoo သို့ ဆင်းသက်လာကြခြင်း ဖြစ်သည်ဟု ဆိုကြသည်။

မင်ကြောင် ထိုးနှံခြင်းဓလေ့သည် ကမ္ဘာပေါ်ရှိ လူမျိုး အများအပြားတွင်ရှိသည်။ သို့ရာတွင် မည်သည့်အချိန်အခါက စတင်ပေါ်ပေါက်ခဲ့သည် ဟူ၍ကား မပြောနိုင်ကြသေးပါ။ အစောဆုံးကာလအဖြစ် တွေ့ရှိရသော ဆေးမင်ကြောင် အထောက်အထားမှာ ဆိုက်ဗေးရီးယားဒေသရှိ ရေခဲပြင်များ အတွင်းမှ တူးဖော်ရရှိခဲ့သော ဆေးမင်ကြောင်ပါသည့် ရုပ်အလောင်းများ ဖြစ်ပေသည်။



ထိုးကွင်းမင်ကြောင်များ ထိုးနှံရာတွင် ရည်ရွယ်ချက်များ ရှိကြပါသည်။ ယင်းတို့မှာ-

(က) အမှတ်အသားအဖြစ်ထိုးနှံခြင်း။

(ခ) အလှအပအဖြစ်ထိုးနှံခြင်း။

(ဂ) စွမ်းလမ်းမှုအခြေခံ၍အဆောင်သဘော ထိုးနှံခြင်း။

(ဃ) ထုံးတမ်းအစဉ်အလာအရထိုးနှံခြင်း တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသား ယောက်ျားများသည် ရှေးဦးပိုင်းတွင် အဆောင်သဘောဖြင့် မင်ကြောင်များ ထိုးနှံလာခဲ့ရာမှ နောင်သော် အလှအပသဘောသို့ ရွေ့လျောလာခဲ့သည်။ ထိုမှတဖန် "ထိုးကွင်းရှိမှ ယောက်ျားပီသသည်" ဟူသော သဘောထားများ ဝင်ရောက်လာချိန်တွင်မူ ထုံးတမ်းစဉ်လာ သဘောသက်ရောက်သွားတော့သည်။

## မွန်အမျိုးသားတို့၏ ထိုးကွင်းထိုးခြင်းဓလေ့

မြန်မာတိုင်းရင်းသားလူမျိုးဖြစ်သည့် မွန်အမျိုးသား တို့သည် ထိုးကွင်းထိုးမှသာ ယောက်ျားပီသသည်ဟု ယူဆ ကြသည်။ ထိုးကွင်းမပါသူကို မိန်းမပျိုများက သတ္တိနည်းသူ ဟုဆိုကာ အိမ်ထောင်ပြုရန် မလိုလားကြပေ။ ထို့ကြောင့် မွန်အမျိုးသားတို့သည် ၁၂နှစ်အရွယ်၌ ထိုးကွင်းထိုးလေ့ရှိ ကြသည်။ ထိုးကွင်းထိုးရာ၌တချို့က တစ်နေ့တွင် ပေါင်တစ်ဖက်ကိုသာထိုးပြီး တချို့က ပေါင်နှစ်ဖက်လုံးကို ထိုးသည်။ ထိုးကွင်းထိုးစမှာ ရှေးယခင်က ပေါင်တစ်ဖက်ကို သုံးမတ်သာပေးရသည်။ ပေါင်နှစ်ဖက်စလုံးကို နံနက်စောစောမှ စ၍ထိုးလျှင် မွန်းတည့်ချိန်ပြီးသည်။ ထိုးကွင်းထိုးရာတွင် နာကျင်မှု ဝေဒနာကို ခံနိုင်စေရန်အတွက် ဘိန်းအနည်းငယ် စားထားရသည်။ ထိုးသောအရုပ်များမှာ ဇော်၊ ဒေါင်း၊ ဆင်၊ ကျား၊ ခြသေ့်၊ ကြောင်၊ လိပ်နှင့် ပန်းစသည်တို့ ဖြစ်ပြီး ခါးတွင်မူ ပြာသာဒ်ပုံ၊ ငှက်ပုံ၊ ဗျိုင်းရုပ်များကို ထိုး၍ ဗိုက်တွင်မူ ငှက်နှစ်ကောင် မျက်နှာချင်းဆိုင်လျက် အလယ်တွင် စေတီပုံကို

ထိုးလေ့ရှိသည်။ ထိုးပြီးက ဆားရည်တိုက်သည်။ အန်ထုတ်လိုက်သောအခါ ဘိန်းမူးရာမှ သတိရလာသည်။ တချို့က ဆေးအနီရောင်ကို အလှအနေဖြင့် ထိုးကြသည်။ ထိုးကွင်းထိုးလိုသူက အုန်း၊ ငှက်ပျော နှစ်ဖီးဖြင့် ပွဲပေးပြီး ဆရာတင်ရသည်။ ထိုပွဲကို ဆရာကရသည်။ ထိုးကွင်းထိုးသည့် အနာများကျက်စေရန် မဲဇလီပြုတ်ရည် ဆွတ်ပေးရသည်။ ခုနစ်ရက်ခန့်ကြာလျှင် အနာကျက်သည်။ ထိုးကွင်းရှိသူများသည် ခြင်းခတ်သည့်အခါနှင့် အခြားနေရာများတွင် မိမိထိုးကွင်းအတွက် ဂုဏ်ယူကြသည်။ ထိုးကွင်းထိုးခြင်းအဖြစ် ပီယသိဒ္ဓိဆေးများ ထိုးလေ့ရှိကြသည်။ အခြားဆေးထိုးသူများလည်း ရှိသည်။

မီးနေသည်ရှိသော အိမ်သို့ လက်ဖွဲ့ဆောင်ခြင်း၊ ဆေးထိုးခြင်း ဟူသော အနုဆေး၊ လက်ဖွဲ့နှင့် ဆေးဝါးဆောင်ခြင်း၊ ဆေးဝါးထိုးခြင်းဟူသော ပီးဆေးဆောင်သူ၊ ထိုးသူများ မလာကြပေ။ မီးနေသည့်အိမ်သို့ မသွားကောင်း၊ သနမည်ဟု ယူဆကြသည်။ အကယ်၍ ယင်းမီးနေအိမ်တွင်းသို့ ဝင်မိပါက ကိုယ်လက်များ ယားတတ်ပြီး သနမှု ကျေစေရန် တရော်၊ ကင်ပွန်း၊ နန္ဒင်းမှုန့်နှင့် အမွှေးနံ့သာရည်တို့ဖြင့် ဆေးကြောသန့်စင်ပေးမှသာ သနမှုကျေမည်ဟု ယုံကြည်ကြသည်။ အချို့အမူ ယင်းအရည်ကို သောက်မှသာ သန့်စင်ပြီး နဂိုပကတိ အခြေအနေသို့ ပြန်ရောက်မည်ဟု ယူဆ၍ သောက်ကြသည်။

# ရခိုင်ရိုးရာသင်္ကြန်ပွဲတော်အကျဉ်းချုပ်
# နှစ်သစ်ကူးပွဲ(သင်္ကြန်)

ရခိုင်လူမျိုးတို့၏ ဆယ့်နှစ်ရာသီပွဲတော်များအနက် နှစ်သစ်ကူးပွဲဖြစ်သော သင်္ကြန်ပွဲသည် တစ်မူထူးခြားစွာဖြင့် အလွန်စည်ကားသည့် ရိုးရာပွဲတော် တစ်ခုဖြစ်သည်။ သင်္ကြန်မကျမီ (၃) ရက်ခန့်ကတည်းကပင် သက်ဆိုင်ရာ ရပ်ကွက်အသီးသီးမှ ရပ်ကွက်ခေါင်းဆောင်တို့သည် သင်္ကြန်ပွဲဖြစ်မြောက်ရေး အတွက် တိုင်ပင်ဆွေးနွေးခြင်း၊ အလှူငွေကောက်ခံခြင်းတို့ကို ပြုလုပ်ကြသည်။ သင်္ကြန်အကြိုနေ့တွင် မဏ္ဍပ်ကြီးငယ်များထိုးပြီး ကရမက်၊ နံ့သာဖြူ၊ နံ့သာနီစသော အမွှေးထုံးတို့ကို လူတစ်ဖက်ခန့်ရှိသော ကျောက်ပြင်ကြီးများတွင် အမျိုးသမီး၊ အမျိုးသားများ စုပေါင်းလျက် နံ့သာသွေးကြသည်။ ညဥ့် ( ၁၂ ) နာရီခန့်သို့ ရောက်လျှင် လူကြီးလူငယ်မရွေး သွေး၍ရသော အမွှေးနံ့သာပုံးတို့ကို ထမ်းရွက်လျက် အရပ်ထဲတွင် ဗုံမောင်းတီးကာ တစ်ညလုံး ကခုန်မြူးတူးကြသည်။

သင်္ကြန်အကျနေ့ နံနက်သို့ရောက်သော် မွှေးပေါင်းဖြာသည့် သွေးပြီးသား နံ့သာရည်တို့ကို ယူဆောင်ကာ


ရခိုင်ရိုးရာနံ့သာသွေးပွဲ
စစ်တွေမြို့







မိမိရပ်ကွက်အလိုက် ဘုရားပုထိုးများသို့ သွားရောက်၍ ဘုရားများကို ရေသပ္ပာယ်ပြီး နံ့သာရည်ဖြင့် ပက်ဖြန်းကြသည်။ ထို့ပြင်မိမိတို့ကိုးကွယ်သော ဘုန်းကြီးကျောင်းများသို့ သွားရောက်၍ ဘုရားရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာဖြန့်ခြင်း၊ အဆောက်အအုံများအား သန့်ရှင်းခြင်းအစရှိသော ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည်။ နံနက်ပိုင်း ဘုရားရေသပ္ပာယ်ခြင်း အလေ့အထမှာ စစ်တွေမြို့ပေါ်တွင် သာရှိပြီး တောမြို့ဒေသနှင့် ကျေးလက်ဒေသများတွင်မူ ညပိုင်း၌ ပြုလုပ်လေ့ရှိကြသည်။

ဘုရားများကို လှည့်လည် ရေသပ္ပာယ်ရာတွင် အမျိုးသားများသာ ပါဝင်ကြသည်။ ထိုနေ့ကို "ဘုရားရေချိုးနိန့်" ဟု ရခိုင်လူမျိုးများက ခေါ်ဝေါ်ကြသည်။ ဘုရားရေသပ္ပာယ်ရာ၌

" ပိတောက်ဝါဝါ၊ ပင်လုံးကျွတ်

အတာလမြတ်၊ ရောက်သောအခါ

နွဲ့ပျော်စရာ စည်ဒုပ္ပာနန့်

ပတ်သာဗုံမောင်း တီးလို့သာ

နံ့သာချိုးရီ၊ ကိုယ်စီထမ်း

ကျောင်းတက်လမ်းနန့် ဝင်္ကဘာ

ဗုဒ္ဓမြတ်စွာ၊ သပ္ပာယ

ဆုမွန်တောင်းကြ ငါရို့မှာ၊

သင်္ကြန်ကျစွာ၊ စဉ်လာထွန်း

ရှိကမော်ကွန်း၊ စာအဆို

ငါရို့လူပျို၊ ဖော်တသင်းက

ဇင်းခါကြောင်းလမ်း ယောင်လို့ပါ

မဏ္ဍပ်ကညာ၊ ပျိုဖြူလှရို့

ကန္နဲ့ကယ ထပြီးကေ ...." ဟူသော ရခိုင်သင်္ကြန် သံချပ်ကြီးကို ထိုးကြသည်။

ဘုရားရေသပ္ပာယ်ပြီးမှသာ သင်္ကြန်ပွဲကို ဆင်နွှဲကြသည်။ သင်္ကြန်ပွဲ ရေကစားပွဲတော်တွင် အမျိုးသမီးများက လှည့်လှည်၍ ရေပက်ခံခြင်း အလေ့အထမရှိဘဲ မိမိတို့ရပ်ရွာအလိုက် နီးစပ်ရာ ဆောက်လုပ်ထား ရှိသော မဏ္ဍပ်များအတွင်းမှနေ၍ ကစားလေ့ရှိကြသည်။




Kixx

မဏ္ဍပ်များတွင် ရေကစားရန်အတွက် ရေကို လောင်းလှေကြီးဖြင့်ဖြစ်စေ၊ သံစည်ပိုင်းများဖြင့်ဖြစ်စေ အလုံ အလောက် ဖြည့်ထားကြရသည်။ အမျိုးသမီးများ ထိုင်နေရာနှင့် လက်တစ်လှမ်းကျော်ခန့်အကွာတွင် ရေလောင်းသူ အမျိုးသားများသည် အမျိုးသမီးများနှင့် ရောထွေးမသွား စေရန်အတွက် အတားတစ်ခု ပြုလုပ်ထားရှိသည်။ ရေလောင်း မဏ္ဍပ်များတွင် ခိုက်ရန်ဒေါသ မဖြစ်စေရန် ဩဇာရှိသူ အမျိုးသမီးကြီးများက စောင့်ရှောက် ကြီးကြပ်ပေးကြသည်။

ပထမရောက်ရှိသောအဖွဲ့ ရေကစားနေစဉ် နောက်အသင်း ရောက်လာလျှင် မဏ္ဍပ်ထဲသို့မဝင်ဘဲ အပြင်တွင် ကခုန် သီဆို၍ နေကြရသည်။ ရေကစားနေသောအဖွဲ့ မဏ္ဍပ်ထဲမှ ထွက်သွားမှ နောက်ရောက်သောအဖွဲ့က ရေကစားရသည်။ တစ်ဖွဲ့ရေလောင်းနေလျှင် ကျန်တစ်ဖွဲ့က ဝင်ရောက် ကစား လေ့မရှိပေ။ အလွန်စည်းကမ်းရှိလှပေသည်။ ရေကစားရာတွင် အများအားဖြင့် နေ့လည်ပိုင်းမှ ညနေစောင်းအထိသာ ကစားလေ့ရှိကြသည်။ သို့သော် ကလေးသူငယ်များက မနက်စောစောကပင် လမ်းသွားလမ်းလာများကို ရေပက်ကစား လေ့ရှိကြသည်။ ရှေးအခါကဆိုလျှင် အမျိုးသား ရေပက်ခံ အဖွဲ့များသည် မြင်းရထား၊ နွားလှည်းများနှင့် အမျိုးသမီး ရေလောင်းမဏ္ဍပ်များသို့ လှည့်လည်ဝင်ထွက် ရေကစားလေ့ ရှိကြသည်။ လူပျိုနှင့် အပျို တွေ့ဆုံခွင့်ရသည့်အချိန်ဖြစ်သည်။ သို့သော် မောင်နှမချင်း၊ သားအမိချင်း၊ သားအဖချင်း၊

ယောက်ျားချင်း၊ မိန်းမချင်း၊ တူဝရီးချင်း၊ ခဲအိုသူငယ်ချင်း၊ ခလေးချင်း၊ လူပျိုနှင့်အပျို မိတ်ဆွေအချင်းချင်း ရေလောင်းနိုင်ခွင့်ရှိသည်။ ရေလောင်းရာတွင် ယင်းအစဉ်အလာများကို ထိန်းသိမ်းကြဆဲဖြစ်သည်။

အချို့ကျေးလက်တောရွာများတွင် သင်္ကြန်အတွင်း သီတင်းသီလ ဆောက်တည်၍ အလှူအတန်း ပြုလုပ်ကြပြီး အခါလွန်မှ ရေကစားကြသည်။ အများအားဖြင့် ရွာများတွင် မဏ္ဍပ်ထိုးပြီး တစ်ဦးကိုတစ်ဦး လိုက်လံရေလောင်းလေ့ရှိကြသည်။

မဏ္ဍပ်အတွင်းမှ ရေကစားရန် အမျိုးသမီးများ စောင့်နေသောအခါ အမျိုးသားများက မိမိတို့ရပ်ကွက်အလိုက် အုပ်စုဖွဲ့ကာ အိုးစည်းဗုံမောင်းများတီး၍ ရေကစားရန် လာကြသည်။

“ တစ်နှစ်တစ်ခါ သင်္ကြန်ကျ၊ ပျော်လဲပျော်ရပါရေ၊ ပိုးလဲပိုးရပါရေ

ပိုးမယ်ပန်းမယ်၊ ဇာဖြစ်တယ်လဲ အခွန်တော်လဲ မပြီးရပါလေ၊

အမြတ်တော်ကြေးလဲ မပြီးရပါလေ၊ (အပျိုကို ဝါကြီးပိုးရေ)၊

လူပျိုးပိုးကေလမ်းကိုလျှောက်တယ်၊ ဝါကြီးပိုးကေအိမ်ကိုရောက်တယ်၊

အလို.... အစွမ်းကုန်ပိုးကပ်ပါရလေ......၊

မဏ္ဍပ်များသို့ ရေကစားရန် ရောက်ရှိလာသောအခါ ပထမဦးစွာ ဆီးကြိုသည့်သဘောဖြင့် အမျိုးသားများကို အမျိုးသမီးအားလုံးက ရေတစ်ဖလားစီလောင်းပြီး ကြောခိုင်း၍ ပြန်ထိုင်နေကြရသည်။ ထို့နောက်မှ အမျိုးသားများက မိမိရေလောင်းလိုသည့် အမျိုးသမီးထံသို့ သွားရောက်၍ မရီးချေ၊ မရီးချေ ရေတာဆိတ်ချေပြီးပါလားလေဟု မေတ္တာရေလောင်းရန် ယဉ်ကျေးစွာ ရေတောင်းရသည်။ အမျိုးသမီးများက ဖလားဖြင့် ရေခပ်၍ အမျိုးသား၏ဖလားထဲသို့ထည့်ပေးရသည်။ ဤရေဖြင့် အမျိုးသားများက စတင်ပက်ရသည်။ ထိုကဲ့သို့ ရေပက်ခြင်းကို "မေတ္တာရေလောင်းသည်"ဟု ခေါ်သည်။

မဏ္ဍပ်တွင်း၌ လောင်းလှေကြီးတွင် ရေအပြည့်ထည့်ကာ အမျိုးသမီးနှင့်အမျိုးသား တစ်ဖက်စီ မျက်နှာချင်းဆိုင်ပျော်ရွှင်စွာ ရေပက်ကစားလေ့ရှိကြသည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ကြဲ၍ လောင်းလှေထဲမှရေကို ကုန်သည်အထိပက်ကြသည်။ ရေကို ခပ်သွက်သွက်ခပ်၍ မြန်မြန်ပက်ကြသည်။ တစ်ဦးချင်း မျက်နှာချင်းဆိုင်ကြသူချင်းသာ ပက်ရသည်။ အခြားသူကို ကျော်၍မပက်ရ။ မျက်နှာကို လက်နှင့် သပ်ချသူက ရှုံးသည်။ အနိုင်အရှုံးကို ဒိုင်လူကြီးက ဆုံးဖြတ်ပေးလေ့ရှိသည်။

" သင်္ကြန်အတက်နေ့တွင် သင်္ကြန်စာဖြည့်ပါသည့် အတာတက်နေ့ အဆိုအမိန့်အတိုင်း သက်ဆိုင်သည့် နေ့ရက်ဖွားသားသမီးများအတွက် အတာတက်မုန့်(မုန့်လုံး)များ လုပ်၍ အတာတက်ကြရသည်။ နေ့နံသင့်ရာအရပ်ကို သွားရောက်၍ ရွှေရည် ငွေရည်အမွှေးနံ့သာရည်တို့ဖြင့် ဦးခေါင်း လျှော်ကြသည်။ သပြေ၊ ဘချရား၊ အုန်းစသည့် နေ့သင့် နံသင့် အညွှန့်များဖြင့် ရေစင်ဖြန်း၍ နှစ်သစ်အတွက် မင်္ဂလာရှိစေရန် ဆုမွန်ကောင်းတောင်းကြသည်။"

# “ဂုံရှမ်းတိုင်းရင်းသားလူမျိုးစုများဖြစ်ပေါ်လာပုံသမိုင်းနှင့် ကိုးကွယ်ယုံကြည်မှုအကြောင်း”

ဂုံရှမ်းတိုင်းရင်းသားများကို ဂုံရှမ်း (ခ) တိုင်းခဲင်ဟုလည်း ခေါ်ဆိုကြသည်။ တိုင်းဆိုသည်မှာ ရှမ်းဖြစ်ပြီး ခဲင်ဆိုသည်မှာ နမ့်ခဲင်ချောင်းဘေးတွင် နေထိုင်သည့် ရှမ်းလူမျိုးဟု အဓိပ္ပာယ်ရသည်။ ဂုံရှမ်းတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသော အုပ်စုကြီးသုံးခု အနက် ထိုင်းတရုတ်အုပ်စုကြီးတွင် ပါဝင်သော တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်သည်။ ဂုံရှမ်း အပါအဝင် ရှမ်းလူမျိုးစုများသည် လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀ ခန့်က အာရှတိုက်အလယ်ပိုင်း မွန်ဂိုလီးယားဒေသတွင် ရှမ်းပြည်ထောင်ကြီးကို ထူထောင် နေထိုင်ခဲ့ကြပါသည်။ နောက်ပိုင်းတွင် ရေကြည်ရာမြက်နုရာ ရှာဖွေရွှေ့ပြောင်းလာကြပြီး နှစ်ပေါင်း ၃၅၀၀ ခန့်အထိ တရုတ်ပြည်အလယ်ပိုင်း ယန်ဆီကျင်းမြစ်ကမ်းဒေသမှ အရှေ့ပင်လယ်ကမ်းခြေအထိ နေထိုင်ခဲ့ကြပါသည်။ တရုတ်မင်းများက ဟောင်ဟိုမြစ် အထက်ပိုင်းတွင် အုပ်ချုပ်ခဲ့ကြပြီး မြစ်ဝါမြစ်တောင်ပိုင်းတစ်လျှောက်ကို ရှမ်းလူမျိုးက အုပ်ချုပ်နေထိုင်ခဲ့ကြပါသည်။ ၎င်းနေရာမှ တောင်ပိုင်းဒေသသို့ လမ်းကြောင်းသုံးသွယ်ဖြင့် ဆင်းသက်

လာခဲ့ရာ ဂုံရှမ်းလူမျိုးစုများသည် မြန်မာနိုင်ငံ သံလွင်မြစ်နှင့် မဲခေါင်မြစ်၊ နမ့်ဖယားမြစ်ကြားသို့ ဆင်းသက်လာသော လူမျိုးစုများတွင် ပါဝင်ခဲ့ကြောင်း လေ့လာသိရှိရသည်။

ဂုံရှမ်းတိုင်းရင်းသားတို့သည် အခြားသောမြို့၊ ရွာများတွင် အခြားသောတိုင်းရင်းသားများနှင့် ရောနှော နေထိုင်ကြပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသ တွင် အများဆုံးနေထိုင်ကြသည်။ ကျိုင်းတုံဒေသအတွင်း သို့ ဝင်ရောက်နေထိုင်သော ဂုံရှမ်းများသည် ယခင်က ယွန်းရှမ်းများဖြစ်ကြသည်။ ထို့အပြင် ယိုးဒယားပြည် (ထိုင်း) တောင်ဘက်ပင်လယ်ပြင်တွင် သင်္ဘောတစ်စင်း ပျက်ရာမှ ယင်းသင်္ဘောပေါ်တွင် ပါလာသူအချို့သည် အသက်မသေဘဲ ထိုင်းပင်လယ်ကမ်းစပ်သို့ ရောက်လာ ကြသည်။ ထိုမှတစ်ဆင့် ဇင်းမယ်သို့ ရောက်ရှိလာရာ ဇင်းမယ်စော်ဘွားသည် သင်္ဘောသားများကို လွန်စွာ သဘောကျသဖြင့် ကျိုင်းတုံစော်ဘွားထံ အမှုထမ်းရန် စေလွှတ်ခဲ့သည်။ ကျိုင်းတုံစော်ဘွား စဝ်နမ့်တုမ်က ယင်းသင်္ဘောသားတို့၏ အရည်အသွေးကို သဘောကျ



သော်လည်း ၎င်းယွန်းရှမ်းများ ရောက်လာပြီးနောက် ကျိုင်းတုံနယ်၌ ရောဂါဘယများထူပြောပြီးစော်ဘွားများ လည်း အသက်တိုပျက်စီးကြသဖြင့် ဗေဒင်ပညာရှိတို့ကို မေးမြန်းရာ ယွန်းဆိုသောအမည်သည် တိုင်းပြည်၏နေ့နံနှင့် မတည့်သဖြင့် ပြောင်းလဲရန်လိုအပ်ကြောင်း လျှောက်ထား ကြရာမှ ယွန်းအမည်အစား ခဲင်ဟုခေါ်ဝေါ်ခဲ့ကြောင်း သမိုင်းကြောင်း အဆိုရှိသည်။

ထို့အပြင် အဆိုနောက်တစ်ခုကလည်း မန်ရိုင်းဘုရင် (ဇင်းမယ်စော်ဘွား)က သားဖြစ်သူ စဝ်နမ့်တုမ်ကို စော်ဘွားခန့်အပ်၍ ရဟန်း၊ သံဃာတော်များနှင့်အတူ ကျိုင်းတုံကိုစေလွှတ်ပြီး ကျိုင်းတုံကို ခေမရဋ္ဌတုံဂပူရီ ဟု အမည်ပေးသည် စဝ်နမ့်တုမ်ဘယားအဖြစ် နန်းတက်သည့် ဘိသိက်ခံပွဲ၌ ရဟန်း၊ သံဃာတော်များနှင့်နက္ခတ်ပညာရှင်များက ကျိုင်းတုံ၏နက္ခတ်အား တွက်ချက်ရာ ကျိုင်းတုံမြို့၏နာမ်သည် တနင်္လာနံ၊ နေထိုင်သောလူမျိုးများသည် ဗုဒ္ဓဟူးနံယွန်းဖြစ်သဖြင့် ကျိုင်းတုံမြို့ကို ဘေးအန္တရာယ်ကျရောက်စေနိုင်သည်ဟု အဟောထွက်သဖြင့် ယွန်းလူမျိုးများ ဂုံအဖြစ် လူမျိုးအမည် ပြောင်းလဲခဲ့ကြောင်း ဆိုကြသည်။ ဂုံရှမ်းအများစု နေထိုင်ရာ ကျိုင်းတုံမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၇၀၀ ခန့်တွင် တည်ရှိသည်။ ကျိုင်းတုံမြို့ ပတ်လည်တွင် နမ့်လွေချောင်း၊ နမ့်ခဲင့်ချောင်း၊ နမ့်လပ်ချောင်းများ စီးဆင်းလျက်ရှိသည်။ နမ့်ခဲင့်ချောင်းနှင့် နမ့်လပ်ချောင်းတို့သည် အခြားသော ချောင်းများနှင့်မတူဘဲ တောင်မှမြောက်သို့ စီးဆင်းနေကြသည်။

ရှေးက ကျိုင်းတုံသည် မြို့အမည်ငါးခု၊ တောင်ထိပ်သုံးထိပ်၊ ကျိုင်းခုနစ်ကျိုင်း၊ တံခါး ၁၂ ပေါက် နှင့် ကန်ကိုးကန်ရှိသောမြို့ဟု ထင်ရှားသည်။ မြို့အမည် ငါးခုမှာ မိုင်းစန္ဒရဝဇီရကွမ်း၊ မိုင်းဒမ္မလပ်၊ ခေမရဋ္ဌ ၊ တုံဂပူရီ၊ ကျိုင်းတုံမြို့တို့ ဖြစ်သည်။ တောင်ထိပ်သုံးထိပ်မှာ စွမ်ဆတ်၊ စွမ်မွန်း၊ စွမ်တောင်း တို့ဖြစ်ပြီး အဆိုပါ တောင်ထိပ်သုံးခုဖြင့်မြို့ကို ဝန်းရံထားကြောင်း သိရသည်။ ကျိုင်းအင်း၊ ကျိုင်းခုနှစ်ကျိုင်းမှာ ကျိုင်းစံ၊ ကျိုင်းငမ်း၊ ကျိုင်လန်း၊ ကျိုင်းစမ်း၊ ကျိုင်းယင်း၊ ကျိုင်းခုံတို့ဖြစ်သည်။ တံခါး ၁၂ ပေါက်မှာ မင်္ဂလာတံခါး၊ ပါလျှန်တံခါး၊ ကျိုင်းလန်းတံခါး၊ ငမ်ဖတံခါး၊ ဖာယန်တံခါး၊ စဲန်းမိုင်တံခါး၊ ယန်းခမ်းတံခါး၊ နောင်လိတ်တံခါး၊ နောင်ဖာတံခါး၊ ကိုင်ဟိုက်တံခါး၊ ယန်းပိန်းတံခါး၊ ယန်းကုန်းတံခါးတို့ဖြစ်သည်။ ကျိုင်းတုံမြို့ကို လေးမိုင်ငါးဖာလုံခန့် ရှည်လျားသောမြို့ရိုး၊ ကျုံးရိုးတို့ဖြင့် တည်ဆောက်ကာရံထားပြီး အထက်ပါ တံခါးပေါက် ၁၂ပေါက်ပါဝင်ကြောင်း သိရသည်။ ကန်ကိုးကန်မှာ နောင်တုံကန်၊ နောင်ယန်းကန်၊ နောင်ခေ့ကန်၊ နောင်တုံးကန်၊ နောင်ယေးကန်၊ နောင်လျှန့်ကန်၊ နောင်ခိုက်ကန်၊ နောင်တာစန့်ကန်၊ နောင်ပေါင်းကန်တို့

ဖြစ်ပြီး ယခုအခါ နောင်တုံကန်နှင့် နောင်ယန်းကန်တို့သာ ကျန်ရှိတော့ကြောင်း သိရသည်။

ကျိုင်းတုံဒေသသည် ရှေးယခင်က လွလူမျိုးတို့ နေထိုင်ကြပြီး ခရစ်နှစ် ၁၂၆၃ ခုနှစ်တွင် ကျင်းရိုင်းဘုရင် မန်းရိုင်းသည် လွတို့ထံမှ သိမ်းပိုက်ခဲ့ကြောင်း သိရသည်။ ဘုရင်မန်ရိုင်းသည် ၎င်း၏သား စဝ်နမ့်တုမ်ကို ဘယားဘွဲ့ခံ အုပ်ချုပ်သောမင်းအဖြစ်ခန့်အပ်၍ ရဟန်းသံဃာတော်များနှင့် ကျိုင်းတုံသို့စေလွှတ်သည်။ မြို့ကိုလည်း ခေမရဋ္ဌတုံဂပူရီဟု ဘွဲ့အမည်ပေးထားသည်။ စဝ်နမ့်တုမ်သည် ကျိုင်းတုံ စော်ဘွားဆက် စတင်ဖြစ်ကြောင်းသိရသည်။ ၁၄၁၀ ပြည့် နှစ်တွင် စော်ဘွားဘယားကျောက်မထု (ခ) စဝ်ယီခမ်း လက်ထက်တွင် မိုးခေါင်သဖြင့် နမ့်ခဲင်ချောင်း၌ ဖားနတ် ပူဇော်ပွဲ (မင်္ဂလာစည်တော်ပို့ဆောင်ပွဲ) ကျင်းပမှ မိုးရွာ သဖြင့် နှစ်စဉ်ထိုပွဲကို ပြေီလ သင်္ကြန်ရက်အတွင်း ကျင်းပ လာခဲ့ရာ ယနေ့တိုင် ထင်ရှားသောပွဲ တော်ဖြစ်သည်။ ထိုစော်ဘွား လက်ထက်မှ စတင်ပြီး ကျိုင်းတုံမြို့တည်နှစ် သတ်မှတ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ကျိုင်းတုံမြို့တည်နှစ် ၆၀၀ ပြည့်ပွဲ ကျင်းပခဲ့သည်။

၁၂၆၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိအုပ်ချုပ်ခဲ့သော ကျိုင်းတုံစော်ဘွားဆက် ၄၅ ဆက်ရှိပြီး နောက်ဆုံးစော်ဘွားမှာ စော်ဘွားစဝ်စိုင်းလုံဖြစ်သည်။ ၁၈၉၀ ပြည့်နှစ်ခန့်တွင် အင်္ဂလိပ်တို့ နေထိုင်ခဲ့သောအိမ်များ ယနေ့ထက်တိုင် တည်ရှိသည်။ ကျိုင်းတုံ စော်ဘွားများ၏ ထူးခြားချက်မှာ ရှမ်းပြည်နယ် စော်ဘွားအားလုံး ၁၉၅၉ ခုနှစ်တွင် အာဏာစွန့်ပြီး ရှမ်းအစိုးရဖြစ်ပေါ်နေချိန်တွင် ကျိုင်းတုံ စော်ဘွားများမှာ အာဏာမစွန့်ရသေးဘဲ လိုသလို မပြင်ဆင်ရသေးသဖြင့် ၁၉၆၂ ခုနှစ်ရောက်မှ အာဏာစွန့်ခဲ့ရသည်။

## ကိုးကွယ်ယုံကြည်မှု

တိုင်းခဲင်(ခ)ဂုံရှမ်း တိုင်းရင်းသား ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး နတ်ကိုးကွယ်မှု အနည်းငယ်ရှိသည်။ ကျိုင်းတုံဒေသသို့ ဗုဒ္ဓသာသနာ ရောက်ရှိလာပုံမှာ မဟာသက္ကရာဇ် ၁၁၉ ခုနှစ်တွင် ဂေါတမမြတ်စွာဘုရားသည် အရှေ့ဖျားသို့ ဒေသစာရီ ကြွချီခဲ့ရာ တရုတ်ပြည်ဆစ်ဆောင်ပနားမှ တစ်ဆင့် ကျိုင်းတုံမြို့သို့ ကြွရောက်တော်မူခဲ့သည်။ ထိုစဉ်က ကျိုင်းတုံမြို့နေရာသည် ရေကန်ကြီးသဖွယ် ရေလွှမ်းမိုး

လျက်ရှိပြီး မြတ်စွာဘုရားရှင်က ငါဘုရားပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၁၅ဝ တွင် တံုဂမည်သော ရသေ့တစ်ပါး ရောက်ရှိလာပြီး ဤအရပ်ကို ရေခန်းအောင်ပြုလိမ့်မည်။ ထို့နောက် ဗုဒ္ဓသာသနာတော် ထွန်းကားလိမ့်မည်ဟု ဗျာဒိတ်တော်အတိုင်းပင် ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် တံုဂရသေ့ရောက်ရှိလာပြီး တောင်ဝှေးဖြင့် ရေကန်ကြီးကို ဖောက်ချခဲ့ရာ ခုနစ်နှစ် ခုနစ်လ ကြာသောအခါ ရေကန်ကြီး ခန်းခြောက်ပြီး အလယ်တွင် ရေကန်ငယ် အဖြစ်သာ ကျန်ရစ်ခဲ့သည်။ ထိုရေကန်ငယ်သည် ယနေ့တိုင် ထင်ရှားသော နောင်တံုကန်ပင်ဖြစ်သည်။

ဂုံရှမ်းတိုင်းရင်းသားများသည် ဘုန်းတော်ကြီးကျောင်းများကိုလည်း ခမ်းနားထည်ဝါစွာ ဆောက်လုပ် ကိုးကွယ်ကြသည်။ အရေးကြီးဆုံး ဘာသာရေးကိစ္စအဖြစ် ဥပုသ်စောင့်ရေးကို ဆောင်ရွက်ကြသည်။ ဘုန်းကြီးကျောင်းများကို ကြီးမားခံ့ထည်စွာတည်ဆောက်ပြီး ကျောင်းဝင်းအတွင်း၌ သိမ်၊ စေတီတို့ တည်ထားပုံမှာ ဂုံရှမ်းရွာတိုင်းတွင် လေ့လာတွေ့ရှိရသည်။

## မှီငြမ်းကိုးကားချက်

(၁) -စိန်ဝင်း( ရေနံ့သာ)၏ မြန်မာ့ရိုးရာလက်ရက်ကန်း ပညာ၊ ရန်ကုန်မြို့၊ စာပေဗိမာန်(၁၉၉၈) နှင့် -အိအိမော်(ယဉ်ကျေးမှု)၏ ကချင်ရိုးရာ အဆင တန်ဆာ ဒီဇိုင်းများ၊ ရန်ကုန်မြို့၊ စာပေဗိမာန် (၂၀၁၇)တို့မှ ထုတ်နှုတ်ဖော်ပြသည်။

(၂) -သမိုင်းဝင်စာတမ်းများ၊ ကယားပြည်နယ်၊ ဒုတိယတွဲ စာအုပ်မှ ကောက်နှုတ်ဖော်ပြသည်။

(၃) -ဦးပီမောင်စိုး(လွိုင်ကော်)၊ ကယန်းတိုင်းရင်းသားသမိုင်း၊ ပထမအကြိမ်၊ ၂၀၁၈ခုနှစ်၊ မတ်လ နှင့်

(၄) -မောင်အောင်မွန်၏သားချင်းတို့အကြောင်းတစေ့တစောင်း ကို အင်တာနက်မှ ကူးယူဖော်ပြပါသည်။

(၅) -Mon State Travel Tours(Facebook Page)မှ ကူးယူဖော်ပြသည်။

(၆) -ချင်းတိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ ဒုတိယအကြိမ်(၂၀၁၈)မှ ကောက်နှုတ် ဖော်ပြသည်။

(၇) -စာရေးဆရာ ရွှမ်းသိဃ်း၏ လူမှုကွန်ရက်စာ မျက်နှာ

-စာရေးဆရာသန်းစိုးဝင်း၏ တနသ်ာရီရာဇဝင်တော်ကြီးနှင့်ယဉ်ကျေးမှုအမွေအနှစ်ရိုးရာဓလေ့များ စာအုပ်မှ မှီငြမ်းဖော်ပြသည်။

(၈) -တိုင်းရင်းသားယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ၊ မွန်စာအုပ်နှင့် ဆင်ဖြူကျွန်းအောင်သိန်း ရေးသားသော မြန်မာထိုးကွင်းမင်ကြောင် ဓလေ့စာအုပ်မှမှီငြမ်းသည်။

(၉) -ပြည်နယ်ဖြစ်စဉ်သမိုင်း (ပဉ္စမတွဲ) ယဉ်ကျေးမှုကဏ္ဍ စာအုပ်မှ ကိုးကားဖော်ပြသည်။

(၁၀) -ဉာဏ်ကောင်းဆက်၊ ဂုံရှမ်းသမိုင်းစာတမ်း (ဂုံရှမ်းတိုင်းရင်းသား လူမျိုးစုများအကြောင်း) နှင့်

-(၂.၆.၂၀၁၈)နေ့ထုတ် ကြေးမုံ သတင်းစာ တို့မှ ကောက်နှုတ်ဖော်ပြသည်။